# ယဉ်ကျေးမှု မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၄၄)၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ ၃၀–၄–၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့ အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပမည်

နေပြည်တော် ဧပြီ ၂၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်အား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ၂၀၂၅ ခုနှစ် မေ ၂၀ ရက်(အင်္ဂါနေ့) နံနက် ၈ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များအပါအဝင် ပင့်သံဃာ ၃၁ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ ဒီဃနိကာယကောဝိဒ နှစ်ပါး၊ ဒီဃဘာဏက ၁၁ ပါး၊ ဝိနယကောဝိဒ တစ်ပါး၊ ဝိနယဓရ ၂၉ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး၊ စာအောင်သံဃာ ၉၇ ပါး စုစုပေါင်းသံဃာတော် ၁၂၈ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်သဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၈၈၀၅၆၀၇၉၀၊ ၀၉-၄၃၀၆၇၁၆၈ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။


၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အချိန်အခါမဟုတ် မိုးရွာနိုင် အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဧပြီ ၂၉

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေစွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိလေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့် လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ **စာမျက်နှာ ၅ သို့**

၃၀-၄-၂၀၂၅ ရက်နေ့မှ ၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြု မော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ





## ကျောက်ဆည်မြို့၌ ထိုင်းနိုင်ငံဆေးကုသရေးအဖွဲ့ ငလျင်ဘေးသင့်ပြည်သူများအား ဆေးဝါးများကုသပေး

ကျောက်ဆည် ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ထိုင်းတော်ဝင်လေတပ်မှ Col. Suthawut Naksri ဦးဆောင်သော ဆေးကုသရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းက ဆူးကုန်းရပ်ကွက်ရှိ မဟာဝိသုတာရာမကျောင်းတိုက်တွင် ငလျင်ဘေးသင့်ပြည်သူများအား ဆေးဝါးများကုသပေးလျက်ရှိကြောင်း သိရသည်။ **စာမျက်နှာ ၈ သို့**

**ယနေ့ ဖတ်စရာ အညွှန်း**



အင်္ဂလိပ်ချန်ပီယံရှစ် တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို နည်းပြ စကော့ပါကား ဆွတ်ခူး

စာမျက်နှာ ၁၁

**အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များ**

စာမျက်နှာ ၁၄



**ကာကေယာအစု မှန်းဆချက် ပုစ္ဆာကို အောင်မြင်စွာ တွက်ချက်ဖြေရှင်းနိုင်**

စာမျက်နှာ ၂၀



၂၀၂၅ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့။
မန္တလေး

## ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းကိရိယာများကို အမြန်ဆုံး စစ်ဆေးပြုပြင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး စက်မှုဝန်ကြီးဌာန အနေဖြင့် စီမံဆောင်ရွက်လျက်ရှိသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့်အတူ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ အမှတ်(၇)အထည်စက်ရုံ(မြစ်သား)၊ ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်ရောင်း)တို့သို့ ရောက်ရှိပြီး စက်ရုံပြန်လည်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ပြုပြင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍ စိစစ်အကဲဖြတ်ကာ ပြုစုမှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပြီး ဖွဲ့စည်းထားရှိသည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ စစ်ဆေးတွေ့ရှိချက်များနှင့်အညီ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို အစီအမံများ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံ၌ ဆောက်လုပ်ထားသည့် အဆောက်အအုံများသည် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ ပြန်လည်စစ်ဆေးထားရမည်ဖြစ်ကြောင်း၊ သွေးကြောသွင်းဆေးရည်များသည် ပြည်သူလူထု၏ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြု၍ အမြန်ဆုံးလည်ပတ်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ပုဂ္ဂလိကမှ ဆောင်ရွက်လျက်ရှိသည့် စဉ့်ကိုင်မြို့နယ်ရှိ မြန်မာမန္တလေးဖူရှင်း စတီးလ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံအနေဖြင့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးစံချိန်စံညွှန်းပြည့်မီစေရေးအတွက် စက်ရုံရှိ ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးသည့်အပြင် နိုင်ငံတကာ အသိအမှတ်ပြု ဓာတ်ခွဲခန်းများတွင်လည်း စမ်းသပ်စစ်ဆေး၍ အသိအမှတ်ပြု လက်မှတ်ရရှိအောင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ သို့မှသာ စက်ရုံမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို သုံးစွဲသူပြည်သူများက ယုံကြည်စိတ်ချစွာ အသုံးပြုလာမည်ဖြစ်ကြောင်း၊ သံ၊ သံမဏိများကို အရည်အသွေးကောင်းမွန်စေရန်၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများနှင့် ပတ်သက်၍ နည်းပညာများကို မျှဝေပေးရမည်ဖြစ်ကြောင်း၊ သံနှင့် သံမဏိထုတ်ကုန်များ အရည်အသွေးကောင်းမွန်လျှင် မြေငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက သုံးစွဲသူပြည်သူများ ထိခိုက်ပျက်စီးမှု၊ ဘေးအန္တရာယ်ဖြစ်ပွားမှုလျော့နည်းမည်ဖြစ်၍ အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားကာ သံမဏိချောင်း အရွယ်အစားမျိုးစုံထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မန္တလေးငလျင်ကြီးကြောင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအားလုံး အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ ထုတ်ပြန်သည့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်ထုပ်လုပ်မှုလုပ်ငန်များ ပြန်လည်စတင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ငလျင်ဒဏ်သင့် ပြိုကျ၊ ယိုင်နဲ့နေသည့် အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**မန္တလေး ဧပြီ ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ မန္တလေးမြို့ မြို့နယ်များအတွင်းရှိ ငလျင်ဒဏ်သင့် အဆောက်အအုံ များကြောင့် အများပြည်သူများ သွားလာလျက်ရှိသည့် အဓိကလမ်းမကြီးများတွင် လမ်းပိတ်ဆို့မှုနှင့် ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရေးအတွက် ရှင်းလင်းဖယ်ရှားခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ဦးစားပေးအဆင့်လိုက် စက်ယန္တရား၊ လူအင်အားတို့ဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ယနေ့နံနက်ပိုင်းက ၂၆ လမ်း ဝဲ၊ယာတစ်လျှောက် (၇၃ လမ်းမှ ကမ်းနားလမ်းအထိ)၊ ၂၆လမ်းနှင့် ၇၃လမ်းထောင့်၊ ၂၆လမ်းနှင့် ၇၆လမ်းထောင့်၊ ၂၆ လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ၂၆လမ်း၊ ၇၈လမ်းနှင့် လမ်း၈၀ကြား၊ ၂၆လမ်း၊ လမ်း ၈၀နှင့် ၈၁လမ်းကြား၊ ၂၆လမ်း၊ ၈၇လမ်းနှင့် ၈၈လမ်းကြား၊ ၂၆ လမ်း၊ ၈၉လမ်းနှင့် လမ်း ၉၀ ကြားတို့ရှိ ငလျင်ဒဏ်သင့် ပြိုကျ၊ ယိုင်နဲ့နေသည့် အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းခြင်း၊ လမ်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပျက်စီးပြိုကျမှုများကြောင့် မြောင်းပိတ်ဆို့နေမှုများကို ရှင်းလင်းဖယ်ရှားခြင်းကိုလည်းကောင်း၊ ကမ်းနားလမ်းအောက်လမ်းနှင့် သင်္ချိုင်းဝန်းကျင်တို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းအတွင်းမှ အမှိုက်သရိုက် အညစ်အကြေးများ၊ နုန်းမြေများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများကိုလည်းကောင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လူသစ်လေး**

## ပိုးနှမ်းသီးနှံစိုက်ပျိုးမည့်တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**မိတ္ထီလာ ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်း မိုးနှမ်းသီးနှံများ သတ်မှတ်လျာထားသည့် အထွက်နှုန်းများရရှိစေရေး မိုးနှမ်းသီးနှံ စိုက်ပျိုးမည့်တောင်သူများနှင့် တွေ့ဆုံပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က အဖွင့်အမှာစကား ပြောကြားရာတွင် မိတ္ထီလာခရိုင်တွင် နှမ်းစိုက်ဧကများ နှမ်းသီးနှံအထွက်နှုန်းနည်းပါးသည့်အတွက် နှမ်းသီးနှံများ သတ်မှတ်လျာထားသည့် အထွက်နှုန်းများရရှိစေရန် နှမ်းစိုက်တောင်သူများနှင့် တွေ့ဆုံပြီး နှမ်းစိုက်တောင်သူများ၏ နှမ်းသီးနှံစိုက်ပျိုးရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများ၊ နည်းပညာလိုအပ်ချက်များ၊ အရင်းအနှီးလိုအပ်ချက်များ၊ သွင်းအားစု၊ မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေ၊ မြေပြုပြင်ရန် လိုအပ်မှုအခြေအနေများနှင့် ပိုးမွှားအန္တရာယ် နှိမ်နင်းနိုင်ရန် ကာကွယ်ဆေးများ စသည့် လိုအပ်ချက်များ သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို အဆင့်ဆင့်တင်ပြပြီး ဖြည့်ဆည်းပေးနိုင်ရေး တွေ့ဆုံခြင်း ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းက မိတ္ထီလာခရိုင်အတွင်း နှမ်းသီးနှံစိုက်ပျိုးထားရှိမှု အခြေအနေများ၊ စိုက်ပျိုးရာတွင် လိုအပ်လျက်ရှိသည့် အခြေအနေများအား ဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်သည့် အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး မိုးနှမ်းသီးနှံစိုက်ပျိုးရာတွင် လိုက်နာရမည့်အခြေအနေများနှင့်ပတ်သက်၍ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ၊ ပိုးမွှားကာကွယ်ရေးတာဝန်ခံ၊ မြေအသုံးချမှု တာဝန်ခံများက ရှင်းလင်းဆွေးနွေးခဲ့သည်။



ယင်းနောက် မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများနှင့် မိုးနှမ်းသီးနှံပျိုးမည့်နှမ်းစိုက်တောင်သူများက မိမိတို့မြို့နယ်အတွင်း နှမ်းသီးနှံစိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်ချက်များအား ရှင်းလင်းဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး ဦးစီးမှူးက ဆွေးနွေးမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၆၉)

## မန္တလေးတက္ကသိုလ် ရာပြည့်မဂ္ဂဇင်း စာမူပိတ်ရက် တိုးမြှင့်

**မန္တလေး ဧပြီ ၂၉**

မန္တလေးတက္ကသိုလ်၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မြို့မိမြို့ဖများ စီစဉ်ထုတ်ဝေမည့် **'မန္တလေးတက္ကသိုလ် ရာပြည့်မဂ္ဂဇင်း(၁၉၂၅-၂၀၂၅)'**အတွက် စာမူများ ဖိတ်ခေါ်လျက်ရှိရာ စာမူပိတ်ရက်ကို ယခင်က ဧပြီ ၃၀ ရက်အထိ သတ်မှတ်ထားသော်လည်း ယခုအခါ ဇွန် ၁၅ ရက်သို့ တိုးမြှင့်လိုက်ကြောင်း မဂ္ဂဇင်းကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ သိရသည်။

မန္တလေးတက္ကသိုလ်၏ဂုဏ်၊ ဆရာ၊ ဆရာမများ၏ဂုဏ်နှင့် ပညာရပ်များ၏ဂုဏ်တို့ကိုလည်းကောင်း၊ မန္တလေးတက္ကသိုလ်ဂုဏ်ဆောင် ကျောင်းသား၊ ကျောင်းသူဟောင်းများအကြောင်းနှင့် ကျောင်းနေစဉ်ဘဝ အမှတ်တရကောင်းများကိုလည်းကောင်း ဖော်ညွှန်းဖွဲ့ဆိုသော သုတ၊ ရသစာမူများနှင့် သမိုင်းဝင် ပန်းချီ၊ ဓာတ်ပုံများကို နိုင်စေရ(မန်းတက္ကသိုလ်)၊ ဖုန်း ၀၉-၄၄၄၀၀ ၅၄၂၁၊ နောင်(ရွှေပ)၊ ဖုန်း ၀၉-၄၄၄၀၃၅၈၂၅ Viber များနှင့် သူရိန်နန်း ကိုယ်ပိုင်ကျောင်း၊ လေယာဉ်ကွင်းဟောင်းရှေ့၊ ၇၈ လမ်း၊ ချမ်းမြသာစည်မြို့နယ် စာတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(၀၄၀)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမှဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမှဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဧပြီ ၂၉

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။ (ယာပုံ)

အစည်းအဝေးသို့ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငလျင်ကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့်အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်ပိုင် အဆောက်အဦများ အနက် ပြန်လည်ပြုပြင် အသုံးပြုနိုင်သည့် အဆောက်အဦများအား ပြန်လည်ပြုပြင်အသုံးပြုနိုင်ရေးနှင့် အသစ်ပြန်လည်တည်ဆောက်ရမည့် အဆောက်အဦများအား ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အဦများဖြစ်အောင် တည်ဆောက်နိုင်ရေး တာဝန်ယူကြီးကြပ်ဆောင်ရွက်သွားနိုင်ရန်အတွက် မိမိတို့ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

**အဆင့်သတ်မှတ်ချက်များဆောင်ရွက်**

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နိုင်ငံတော်ပိုင် ရုံးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများနှင့် အထူးအဆောက်အဦများအား စစ်ဆေးနိုင်ရန် အဆင့်(၁)စစ်ဆေးရေးအဖွဲ့ ၁၈ ဖွဲ့၊ အဆင့်(၂) စစ်ဆေးရေးအဖွဲ့ ၁၁ ဖွဲ့နှင့် အထူးစစ်ဆေးရေးအဖွဲ့ ၁၂ ဖွဲ့တို့ကို အမည်များနှင့်တကွ ဖွဲ့စည်းခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အဦများနှင့် ပတ်သက်၍ ဤကော်မတီက ဖွဲ့စည်းပေးသည့် ကျွမ်းကျင်သူပညာရှင်များ ပါဝင်သည့် အဖွဲ့များဖြင့် စစ်ဆေးကာ အရောင်ခွဲခြားသတ်မှတ်မှု(အနီရောင်၊ လိမ္မော်ရောင်နှင့် အပြာရောင်) အဆင့်သတ်မှတ်ချက်များ ဆောင်ရွက်လျက်ရှိကြောင်း။

အဆောက်အဦများ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ရာတွင် ငလျင်ဒဏ် အင်အားရစ်(ခ်)တာစကေး ၈ ဒသမ ၀ ခံနိုင်ရည်ရှိသည့် အဆောက်အဦများဖြစ်အောင် ဆောက်လုပ်ရမည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီး ဘေးဒဏ်ခံရသော နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် **"အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ"** များကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

**လိုက်နာဆောင်ရွက်သွားရမည်**

အဆိုပါ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုအတွက် မြေငလျင်ဒဏ်သင့် အဆောက်အဦများ ဘေးအန္တရာယ်ကင်းရှင်းမှုစစ်ဆေးရေးကော်မတီခြောက်ခုကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆောက်အဦပျက်စီးမှုအား အကဲဖြတ်အမိပ္ပာယ်သတ်မှတ်ချက် (အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်)များကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်း/ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ ထိုသို့ သတ်မှတ်ထားသော အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာရမည့် " ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အဦ၊ လမ်း၊ တံတားများအတွက် အမျိုးအစားနှင့် ပျက်စီးမှုပုံစံများအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure-SOP)"များကိုလည်း ဖြန့်ဝေပေးခဲ့ပြီး ပြင်ဆင်ရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ MSME နှင့် စက်မှုဇုန်များရှိအဆောက်အဦများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များအပြင် ဖြန့်ဝေပေးထားသည့် SOP များအတိုင်း စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ရုံးဌာန အဆောက်အဦများအား ပြင်ဆင်ရန်အတွက် မူလတည်ဆောက်ခဲ့သော ကုမ္ပဏီများအား တာဝန်ပေးဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများ လက်ရှိဆောင်ရွက်နေသည့် ကုမ္ပဏီများအား တာဝန်ပေးဆောင်ရွက်ခြင်းနှင့် အင်ဂျင်နီယာအသင်းသုံးသင်းမှ သတ်မှတ်ထောက်ခံပေးထားသည့် ကုမ္ပဏီများအား တာဝန်ပေးဆောင်ရွက်ခြင်း စသည့် နည်းလမ်းသုံးမျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်ခြင်းအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက တာဝန်ယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အတည်ပြုပေးသည့် မြို့ပြအင်ဂျင်နီယာများပါဝင်သော ပညာရှင်များအား ဖွဲ့စည်းတာဝန်ပေးအပ်၍ ခန့်မှန်းကုန်ကျငွေ (Estimate) များ တွက်ချက်ပြီး သက်ဆိုင်ရာပြုပြင်တည်ဆောက်ရေးအဖွဲ့မှတစ်ဆင့် "အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ" သို့ တင်ပြကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီတွင် ခန့်မှန်းကုန်ကျငွေအား လုပ်ငန်းပမာဏအရ ကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်ပုံမှတ်တမ်းများ စစ်ဆေးခြင်းတို့ဖြင့် တိုက်ဆိုင်စိစစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**စိစစ်ဆောင်ရွက်သွားနိုင်မည်**

အဆိုပါကော်မတီမှတစ်ဆင့် "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ"သို့ ဆက်လက်တင်ပြဆောင်ရွက်သွားပြီး "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ"၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးနိုင်ရေး စီမံပေးခြင်းဖြင့် ငလျင်ဒဏ်သင့်အဆောက်အဦများ ပြုပြင်ခြင်းလုပ်ငန်းများအား အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ဘဏ္ဍာငွေလေလွင့်မှုမရှိစေရေးအတွက် စိစစ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက ရုံး/ဌာနများအလိုက် အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပညာရှင်များ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ် အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အင်အားပြင်းငလျင် လှုပ်ခတ်ပြီးနောက် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်မှု၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များစေလွှတ်ပေးမှုများအတွက် အိန္ဒိယနိုင်ငံအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင်မည့် နည်းလမ်းများနှင့် ငလျင်ဒဏ်ခံစားရသူများအား ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးကြသည်။ သတင်းစဉ်

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ် အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)


တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေး၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသကို ဗဟိုပြု လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်များဆုံးရှုံးခဲ့ရသည့် မိသားစုများနှင့် အသိုက်အဝန်းများအတွက် တရုတ်နိုင်ငံမှ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ရေးနှင့်စပ်လျဉ်းသည့်ကိစ္စများ၊ မြန်မာနိုင်ငံအစိုးရ၏ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးပေးသွားမည့်ကိစ္စ၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များနှင့်ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ သတင်းစဉ်




# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်း

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၄ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်ကို (အင်္ဂလိပ်/မြန်မာ)နှစ်ဘာသာဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် http://www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားပါသည်။




ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာကို ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ တရားရုံးအသုံးပြုသူများသာမက အများပြည်သူများပါ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို သီးခြားကဏ္ဍတစ်ရပ်အနေဖြင့် ဤအစီရင်ခံစာစာအုပ်၌ ဖော်ပြထားပါသည်။ အဆိုပါဆောင်ရွက်ချက်များတွင် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ၏ ၁၀၃ % ကို စစ်ဆေးပြီးပြတ်ခဲ့သဖြင့် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) တွင် လျာထားသည့် တစ်နိုင်ငံလုံးအမှုပြီးပြတ်နှုန်း စုစုပေါင်း ၁၀၀ % ထက် ကျော်လွန်ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမျိုးသားအဆင့် မဟာဗျူဟာများနှင့် စီမံကိန်းများ၏ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဘဏ်အပေါင်မှုများကို အမြန်ပြီးပြတ်စေရန်နှင့် အပေါင်ချေးငွေများ ပြန်လည်ရရှိစေရေးအတွက် အထူးကိစ္စရပ်အနေဖြင့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ မူပိုင်ခွင့်ဆိုင်ရာမှုခင်းများ စစ်ဆေးစီရင်ရာတွင် ထိရောက်မှုရှိစေသည့် လုပ်ထုံးလုပ်နည်းအသစ်များ ရေးဆွဲနိုင်ခဲ့ခြင်း၊ မူပိုင်ခွင့်မှုခင်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်း၊ နည်းပညာအသုံးပြုမှုကဏ္ဍ တိုးမြှင့်မှုအနေဖြင့် နိုင်ငံတစ်ဝန်းရှိ တရားရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ကြသည့် ရှေ့နေတစ်ဦးချင်းစီ၏ အချက်အလက်များကို လွယ်ကူစွာစီမံခန့်ခွဲနိုင်သည့် ရှေ့နေရှေ့ရပ်စီမံခန့်ခွဲရေးစနစ်ကို ဆောင်ရွက်နိုင်ခဲ့ခြင်းများအပါအဝင် တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဤအစီရင်ခံစာစာအုပ်တွင် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည့်အတွက် တရားစီရင်ရေးမဏ္ဍိုင်၏ ရပ်တည်မှုနှင့် စွမ်းဆောင်နိုင်မှုတို့ကို အလွယ်တကူ ဖတ်ရှုသိရှိနိုင်မည်ဖြစ်ပါသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့၏ အီးမေးလ် annualreport.ousc@usc.gov.mm သို့ ပေးပို့နိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥပဒေဘာသာပြန်ကော်မရှင်
အမိန့်အမှတ် ၁ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Myanmar Stamp Act ကို ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (က) အရ မြန်မာဘာသာသို့ ပြန်ဆို၍ အတည်ပြုပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ပုံ) ဒေါက်တာသီတာဦး
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

## ဆက်သွယ်ဆောင်ရွက်နိုင်ရေး အသိပေးအကြောင်းကြားခြင်း

နေပြည်တော်တည်ဆောက်ရေး အထူးဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်သည့် ရုံး/ဌာန အဆောက်အဦများ၊ အထူးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများအပါအဝင် အခြားအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများတွင် တည်ဆောက်ခဲ့သည့် ကုမ္ပဏီများအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှတစ်ဆင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည် -

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်**

(၁) ဦးဇော်ထွန်း၊ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉၆၉၆၀၀၆၉၉၉)။
(၂) ဒေါ်ချယ်ရီလှမောင်၊ ဒုတိယဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊(၀၉၅၀၀၅၆၇၈)။

**ဆက်သွယ်ရမည့်လိပ်စာ**

နေပြည်တော်စည်ပင်ယာယာရေးကော်မတီ၊ မြို့တော်ခန်းမ။

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့်အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ

## ပြန်ကြားရေးဝန်ကြီးဌာနရှိ ငွေကြေးသင့်ဝန်ထမ်းများအတွက် အလိုတော်ပြည့်ဆရာတော်ကြီး၏ လက်ထောက်ဆရာတော် အရှင်ကုမာရ ဦးဆောင်သော အလိုတော်ပြည့်ကယ်ဆယ်ရေးအဖွဲ့က လူသားချင်းစာနာထောက်ထားမှုအကူအညီများ လာရောက်လှူဒါန်း



နေပြည်တော် ဧပြီ ၂၉

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် အလိုတော်ပြည့်ဆရာတော်ကြီး၏ လက်ထောက်ဆရာတော် အရှင်ကုမာရ ဦးဆောင်သော အလိုတော်ပြည့် ကယ်ဆယ်ရေးအဖွဲ့အား နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အဦထိခိုက်ပျက်စီးမှု အခြေအနေများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုအခြေအနေများ၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ယခုကဲ့သို့ ပစ္စည်းများ လာရောက်လှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း တင်ပြလျှောက်ထားပြီး ငလျင်ကြောင့် ဝန်ကြီးဌာန ရုံးအဆောက်အဦ ထိခိုက်မှုများကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် အရှင်ကုမာရ ဦးဆောင်သော အလိုတော်ပြည့်ကယ်ဆယ်ရေးအဖွဲ့က ထောက်ပံ့ရေးပစ္စည်းများပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အရှင်ကုမာရ ဦးဆောင်သော အလိုတော်ပြည့် ကယ်ဆယ်ရေးအဖွဲ့အား ဝန်ကြီးဌာနမျက်နှာစာ၌ ဝန်ထမ်းများအတွက် ယာယီဘာရှာများ စနစ်တကျ တည်ဆောက်နေမှုကို လိုက်လံပြသခဲ့သည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ဌာနေကိုယ်စားလှယ် Mr. Thushara Fernando အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Thushara Fernando အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဘေးသင့်ပြည်သူများ၊ လူနာများအား အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျန်းမာရေးဝန်ထမ်းများကိုယ်တိုင် ငလျင်ဘေးဒဏ်သင့်သူများဖြစ်သော်လည်း ကျန်းမာရေးဝန်ဆောင်မှုများ ရပ်ဆိုင်းမသွားအောင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှု၊ ငလျင်ဘေးဒဏ်ကြောင့် နေပြည်တော်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသများမှ ခြေလက်အင်္ဂါ ဆုံးရှုံးခဲ့ရသည့် လူနာများအတွက် ခြေတုလက်တု ထုတ်လုပ်တပ်ဆင်နိုင်ရေး နည်းပညာပိုင်းဆိုင်ရာနှင့် စက်ကိရိယာပိုင်းဆိုင်ရာ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ ငလျင်ဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ ငလျင်လှုပ်ပြီး ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုနေမှုနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ WHO ရုံးမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် မန္တလေးငလျင်ကြီးဘေးခံစားခဲ့ရသော ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အထွေထွေအသုံးပြုရန် INCHEON Dental Association မှ လာရောက်လှူဒါန်းသည့် ငွေကျပ်သိန်းနှစ်ရာကို လည်းကောင်း၊ Grand Medi Core Co.,Ltd. မှ လာရောက်လှူဒါန်းသည့်ငွေကျပ်သိန်း ငါးဆယ်ကိုလည်းကောင်း၊ ကြေးမုံဆေးရုံ (နေပြည်တော်)မှ လာရောက်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာကိုလည်းကောင်း လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


*** ရှေ့ဖုံးမှ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။


သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြု မော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၄-၅-၂၀၂၅ ရက်နေ့အတွက် မိုးလေဝသသင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၉

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော မဟာစေတီလှစေတီတော်ကြီးအား ပြန်လည်တည်ဆောက်ရန်အတွက် မြေနေရာရှင်းလင်းခြင်း၊ တိုင်းထွာခြင်းများနှင့် သိရီမင်္ဂလာခုံးကျော်တံတားကြံ့ခိုင်မှုနှင့် မော်တော်ယာဉ်များဖြတ်သန်းသွားလာနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီ၊ သောတပန်ရပ်ကွက်ရှိ သုတေသက သီလရှင်ကျောင်းတိုက်နှင့် လေးကျွန်းမာရ်အောင်မြတ်စွာဘုရား၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ ဥမင်သုံးဆယ်စေတီနှင့် နန်းဦးမြို့သစ်ရှိ မရှိခဏစေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုများ၊ သောတပန်ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ပါရမီရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ကျောင်းဆောင်များအား ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ သွားရောက်၍ လုပ်ငန်းခွင်အနီးရှိ ပစ္စည်း လက်ခံ/လွှဲပြောင်းရေးအဖွဲ့ယာယီရုံးတွင် အဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းရာ၌ ဖော်ထုတ်ရှာဖွေတွေ့ရှိသော ပစ္စည်းများအား သက်ဆိုင်ရာပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးနိုင်မှု အခြေအနေများကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ 26 Leo တည်းခိုခန်းနေရာ၊ ချမ်းအေးသာစံမြို့နယ် ၆၂ လမ်း ၂၆-၂၇ လမ်းကြားရှိ မြစ်ဆုံဟိုတယ်နေရာများသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေး၍ ပိုင်ရှင်များနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် မန္တလေးမြို့၏ အဓိကလမ်းမကြီးတစ်ခုဖြစ်သည့် ၂၆ လမ်းမကြီးတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အန္တရာယ်ရှိအဆောက်အအုံများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ ၂၆ လမ်းမကြီးသည် အများပြည်သူများ နေ့စဉ်အသုံးပြုမှုများသည့် လမ်းမကြီးများထဲမှ တစ်ခုအပါအဝင်ဖြစ်သည့်အတွက် နေ့စဉ်ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး အဆောက်အအုံ အပျက်အစီးများအား အမြန်ဆုံးဖယ်ရှားရှင်းလင်းသွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရတနာဂိရိဂူကြီးတိုက်၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာစန္ဒာမုနိမြတ်စွာဘုရား၊ အမရပူရမြို့နယ်ရှိ လိုရာဆုယူဘုရားသုံးဆူ မြတ်စွာဘုရား၊ ပုံ့ပါမင်းကျောင်းတိုက် နေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုနှင့် ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်များအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် သန့်ရှင်းရေးဆောင်ရွက်နေသည့် အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းဘေးဝဲ/ယာရှိ အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများအား စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများပေါ်တွင် လူ/ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် လမ်းမကြီး ဘေးဝဲ/ယာ မျက်နှာစာအား ဦးစားပေး၍ အန္တရာယ်ရှိအဆောက်အအုံများကို အမြန်ဆုံးဖယ်ရှားရှင်းလင်းရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ သာသနာ့ဒီပဓမ္မဂါရဝကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံအား ယန္တရားစက်ဖြင့် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOPစနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၄၇၃၉ လုံးအား စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံ ၃၇၇၉ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ အလုံး ၂၆၀ မှ အဆောက်အအုံ ၁၉၁ လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကာ ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၆၉ လုံးဖြစ်သည်။

ထို့နောက် ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်ကျောင်းနှင့် အမှတ်(၁) အခြေခံပညာ အထက်ကျောင်းတို့သို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် သင်ခန်းစာများ ပြန်လည်သင်ကြားလေ့ကျင့်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး Grade-12 ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများအား တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုအားပေးစဉ်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ ၂၆ လမ်းမကြီးတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အန္တရာယ်ရှိ အဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် ဆူးကုန်းရပ်ကွက် ဆူးကုန်းကျောင်း၌ ထိုင်းတပ်မတော်ဆေးတပ်ဖွဲ့မှ Dr.narutmon နှင့်အဖွဲ့သား ၃၉ ဦး(Team Thailand 2025 HDRD Mission in Myanmar) အဖွဲ့အား တွေ့ဆုံ၍ ကျေးဇူးတင်စကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာအုပ်စုရှိ ကံကောင်းခြင်းရတနာ ထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက် (Jewellery Luck Production Company) သစ်အချောထည်စက်ရုံသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများ ရပ်တန့်ခဲ့ရာမှ ယခုအခါပြုပြင်ပြီးစီး၍ လုပ်ငန်းများ ပြန်လည် လည်ပတ်နေမှုများအား စစ်ဆေးပြီး ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ငလျင်ဒဏ်သင့်ဒေသများအား ဦးစားပေးရောင်းချပေးနိုင်ရေး၊ စမ်းသပ်တီထွင်ထုတ်လုပ်ထားသည့် အရည်အသွေးမြှင့်အထပ်သားများကို ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဆူးကုန်းရပ်ကွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး အဆောက်အအုံ ထိခိုက်ပျက်စီးမှု အခြေအနေများနှင့် ယာယီရုံးရွှေ့ပြောင်းဆောင်ရွက်ရန်အတွက် Modular House သုံးလုံး တည်ဆောက်ပေးမည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ခရိုင် ဆည်မြောင်းလက်ထောက်ညွှန်ကြားရေးမှူးက ဇော်ဂျီရေသောက်စနစ်တွင် ငလျင်ဒဏ်ကြောင့် သာမန်ထိခိုက်မှု ငါးနေရာရှိခဲ့သော်လည်း အမြန်ဆုံးပြန်လည်ပြုပြင်ပြီး နွေသီးနှံရေပေးဝေမှုမထိခိုက်စေရန် စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တင်ပြမှုများအပေါ် နွေသီးနှံစိုက်ပျိုးရေးအတွက်

စာမျက်နှာ ၇ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ကြည့်ရှုစစ်ဆေး
## ဉာဏ်ပညာနှင့်တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်းဖြစ်ပေါ်လာစေရေးအတွက် အလေးထားကြိုးပမ်း ဆောင်ရွက်သွားကြစေလို




နေပြည်တော် မေ ၂၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၄) အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လာမည့်ပညာသင်နှစ် ဇွန်လတွင် ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအတွင်းရှိ စာသင်ဆောင်များနှင့် ရှေးဟောင်းကျောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်း တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍တောင်ကြီးပညာရေးဒီဂရီကောလိပ်၊ တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းများ၌ ဖွင့်လှစ်ထားသည့် ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာသင်တန်း(Dip.EP) အမှတ်စဉ်(၁/၂၀၂၅)တွင် တက်ရောက်သင်ကြား၊ သင်ယူနေကြသောဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လာမည့်ဇွန်လတွင် ကျောင်းများ အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့ တာဝန်ကျရာ ဒေသအသီးသီးရှိ စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများကို အမှန်တကယ် ပညာတတ်မြောက်အောင် စေတနာထား၍ကြိုးစားသင်ကြားပေးစေလိုကြောင်း၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်း မြင့်မားရေး၊ ကျောင်းသား ကျောင်းသူများကို အတန်းပညာ တတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားစေရေးသာမက ဉာဏ်ပညာနှင့်တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်းဖြစ်ပေါ်လာစေရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ သင်ကြားရေး၊စီမံရေးဆိုင်ရာလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍မှာကြားပြီး ဘာသာရပ်ဆိုင်ရာဌာနများအလိုက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(ဟဲဟိုး) နှင့် အခြေခံပညာအလယ်တန်းကျောင်း (ဟဲဟိုး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကို မှာကြားပြီး တင်ပြချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ငလျင်ဒဏ်သင့်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို IAEAမှ ပညာရှင်များက မူရင်းမပျက်တိုင်းတာစစ်ဆေးမှု လေ့လာကြည့်ရှု

နေပြည်တော် မေ ၂၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေး ငလျင်ကြီးဒဏ်ကြောင့် အဆောက်အအုံများ ပြိုကျပျက်စီးခြင်းနှင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ခြင်းအပေါ် မူရင်းမပျက်တိုင်းတာစစ်ဆေးခြင်း အဆင့်မြင့်နည်းပညာများ အသုံးပြု၍ အဆောက်အအုံများ၏ကြံ့ခိုင်မှုကို အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ(IAEA) မှ ငလျင်သဘာဝဘေး လေ့လာဆန်းစစ်မှု အတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင် လေးဦးနှင့် ပြည်တွင်းပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့က တိုင်းတာစစ်ဆေးနေမှုကို လေ့လာကြည့်ရှုသည်။(ယာပုံ)

အဏုမြူစွမ်းအင် အေဂျင်စီ (IAEA) မှ ပညာရှင်များသည် Mexico (၂၀၁၇)၊ Albinia (၂၀၁၉)၊ Ecuador (၂၀၂၃)၊ Syria (၂၀၂၄) ငလျင်ဘေးများတွင် တိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသူများဖြစ်ပြီး Non – Destructive Testing (NDT) မူရင်းမပျက်တိုင်းတာစစ်ဆေးမှု နည်းပညာ အသုံးပြု၍ ခေတ်မီတိုင်းတာ ရေးစက်ပစ္စည်းများဖြစ်သည့် Rebar Detecton Rebound Hammer၊ Ground Penetrating Radar (GPR)၊ Ultrasonic Pulse Velocity (UPV)၊ Infared Camera တို့ကို အသုံးပြုစစ်ဆေးကြသည်။

အဆိုပါပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် အလုပ်သမားဝန်ကြီးဌာနနှင့် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံတို့ကို မျက်မြင်သွားရောက်စစ်ဆေးခဲ့ကြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနအဆောက်အဦကို စက်ပစ္စည်းများဖြင့် အသေးစိတ်တိုင်းတာလေ့လာ ဆန်းစစ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ကျောင်းဖွင့်ကာလ ဇွန်လတွင် Naypyitaw State Academy အဆင်သင့်ဖြစ်ရေး အသေးစားထိခိုက်မှုများပြင်ဆင်



နေပြည်တော် မေ ၂၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy သို့ သွားရောက်၍ လာမည့်ဇွန်လကျောင်းဖွင့်ချိန်တွင် အဆင်သင့်ဖြစ်စေရေး ငလျင်ဒဏ်ကြောင့်ဖြစ်ပေါ်နေသော အသေးစားထိခိုက်မှုများ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား ပြန်လည်ပြုပြင်မွမ်းမံရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သတ်မှတ်အရည်အသွေးများ ပြည့်မီရေးအတွက် နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Naypyitaw State Academy ဝင်းအတွင်းရှိ ငလျင်ဘေးဒဏ်သင့် ပညာရေးဝန်ထမ်းများနှင့် မိသားစုများ ယာယီတည်းခိုရေးစခန်းများ၌ နေထိုင်နေမှုကို လှည့်လည်ကြည့်ရှုပြီး နေထိုင်စားသောက်မှု အဆင်ပြေစေရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၆ မှ

ဆည်ရေအပြည့်အဝပေးဝေနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာပျက်စီးမှုများအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဇော်ဂျီရေသောက်စနစ်တွင် တူးမြောင်းကြီး ကိုးခု၊ လက်တံမြောင်း ၃၂ ခု၊ လက်တံခွဲမြောင်း ၃၀ ဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိကာ ၂၀၂၄ ခုနှစ်၌ နွေစပါး ၂၀၆၂ ဧကနှင့် အခြားသီးနှံ ၅၂၂၄ ဧက စုစုပေါင်း ၅၄၂၈၆ ဧက စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့ကာ ၂၀၂၅ ခုနှစ်တွင် နွေစပါး ၅၃၀၁ ဧကနှင့် အခြားသီးနှံ ၅၅၃၉၈ ဧက စုစုပေါင်း ၆၀၆၉၉ ဧက တိုးမြှင့်စိုက်ပျိုးလျက်ရှိပြီး ယခင်နှစ်ထက် ၆၃၈၃ ဧက တိုးမြှင့်စိုက်ပျိုးလျက်ရှိသည်။

ထို့နောက် ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်မှုရုံး၌ ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် မိုးမကျမီနေထိုင်နိုင်ရေး Modular House များ တပ်ဆင်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ခရိုင်အတွက် စုစုပေါင်း Modular House အလုံး ၅၀ အား စေတနာရှင်ပြည်သူများက လှူဒါန်းခဲ့ပြီးဖြစ်သဖြင့် အမြန်ဆုံး တပ်ဆင်ပေးလျက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme-UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**မန္တလေး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့ နံနက်ပိုင်းက ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(United Nations Development Programme-UNDP)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Titon Mitra ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံမှု၌ မြန်မာအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့အကြား လက်ရှိ ပူးပေါင်းဆောင်ရွက်နေသည့်အစီအစဉ်များ၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်လိုသော လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်းနှင့် တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



## အပူဒဏ်ကာကွယ်ရေး အသိပညာပေး Talk Show ဆွေးနွေးပွဲ ကျင်းပ




**မကွေး ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေး Talk Showကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ အသိပညာပေး Talk Showတွင် မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်နှင့် ဒုတိယဦးစီးမှူး ဒေါ်သီရိဖြိုးအောင်တို့က မိဘပြည်သူများ အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရေး ဆွေးနွေးရာတွင် ပြင်းထန်လှသော အပူဒဏ်ကို အန်တုနိုင်ရန်အတွက် ရေစိမ်ချိုးခြင်း၊ ရေခဲရေသောက်ခြင်း၊ အဲယားကွန်း၊ ပန်ကာလေခံခြင်း၊ အကျီချွတ်ထားခြင်းစသည့် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော ပြုမူနေထိုင်မှုများသည် ကျန်းမာရေးအတွက် လွန်စွာအန္တရာယ်ရှိသည့် လုပ်ရပ်များဖြစ်ကြောင်းနှင့် အပူသက်သာသော်လည်း ရေရှည်တွင် ကျန်းမာရေးအတွက် ဆိုးရွားစွာဖြစ်ပါစေနိုင်ကြောင်း၊ ညဘက်တွင် အပူချိန်ကြောင့် နှစ်ခြိုက်စွာ အိပ်မရသဖြင့် ဖျာ၊ သင်ဖြူးများကို ရေဆွတ်ခြင်း၊ အိပ်ရာခင်းများကို ရေဆွတ်ခြင်းများပြုလုပ်လာကြသည် တွေ့ရှိရကြောင်း ဆွေးနွေးကြသည်။

ထို့နောက် အပူဒဏ်ကာကွယ်ဖို့အတွက်ဆိုရင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်၊ လေထွက်ကောင်းသောနေရာများတွင် နားနေသင့်သည်၊ ထို့ပြင် ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာ ရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပြီး အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်သင့်ကြောင်း၊ နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လှင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းတို့ကို ရှောင်ကြဉ်သင့်ကြောင်း အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## China Public Health Team မန္တလေးငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေး ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဧပြီ ၂၉**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားရသော လူထုများရှိရာ နေရာဒေသများတွင် လူသားချင်းစာနာထောက်ထားခြင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေး ရင်းနှီးပွင့်လင်းစွာဖြင့် China Public Health Team မှ အဖွဲ့ခေါင်းဆောင် တရုတ်နိုင်ငံကျန်းမာရေးနှင့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဝန်ကြီးဌာနမှ အရေးပေါ်ကိစ္စဖြေရှင်းရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Chen Lei ဦးဆောင်သော အဖွဲ့ ၅၀ ဦးသည် ဧပြီ ၁၉ ရက်မှ ၂၈ ရက်အထိ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ကျန်းမာရေးကွင်းဆင်းဆောင်ရွက်ပေးကြသည်။

China Public Health Team အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်အတွင်း ပြန်လည်နေရာချထားရေး နေရာလေးခုကို သွားရောက်၍ ခြင်များကို စောင့်ကြည့်ခြင်း၊ ပတ်ဝန်းကျင်နမူနာနှင့် စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ပေးသည်။ ထို့အတူ ဧပြီ ၂၁ ရက်နေ့တွင် ယာယီဓာတ်ခွဲခန်းတည်ဆောက်၍ Etiology ပရောဂျက်(၄)ခု(ကာလဝမ်းရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ အပါအဝင် ၄က်ဖျားရောဂါစသည်ဖြင့်) သောက်သုံးရေနှင့် ပတ်သက်သည့် စီမံကိန်း ၁၉ ခု၊ အစာအဆိပ်သင့်မှု စီမံကိန်း ၁၇ ခု အပါအဝင် ဓာတ်ခွဲစမ်းသပ်မှု ၈၀ ဆောင်ရွက်ပေးသည်။

ကပ်ရောဂါကာကွယ်ရေးအဖွဲ့ခေါင်းဆောင် Chenlei က ပြောပြရာတွင် ငလျင်ပြီးနောက် ကျန်းမာရေးကာကွယ်မှုတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ ကျွန်တော်တို့အဖွဲ့သည် ကပ်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတွင် လက်တွေ့ကျသော အတွေ့အကြုံများကြွယ်ဝပြီး "ဘေးအန္တရာယ်လွန်ကဲမှု အောင်မြင်ရန် မြန်မာနိုင်ငံနှင့် လက်တွဲလုပ်ဆောင်ရန် မျှော်လင့်ကြောင်း၊ ရောဂါကြီးကြီးမားမား မရှိကြောင်း" ပြောပြခဲ့ကြောင်း သိရသည်။ **(ဝဇုဘ)**



○ ရှေ့ဖုံးမှ

ထိုသို့ဆေးဝါးများ ကုသပေးရာတွင် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် အဖွဲ့ဝင်များက ငလျင်ဘေးသင့်ပြည်သူ ၃၃၂ ဦးအား ဆေးကုသနေမှုများကို လှည့်လည်ကြည့်ရှုပြီး ထိုင်းတော်ဝင်လေတပ်အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းနှင့် ငလျင်ဘေးသင့်ပြည်သူများအား ဧပြီ ၃၀ ရက်အထိ ဆေးဝါးများ ဆက်လက် ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## အွန်လိုင်းစနစ်ဖြင့် နိုင်ငံကူးလက်မှတ် ကြိုတင်လျှောက်ထားမှု မေ ၁ ရက် ပြန်ဖွင့်မည်

**မန္တလေး ဧပြီ ၂၉**

မတ် ၂၈ ရက်က ပြင်းထန်စွာ လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် နိုင်ငံကူးလက်မှတ် အွန်လိုင်းစနစ်ဖြင့် ကြိုတင်လျှောက်ထားရန် QR Coad ရယူခြင်းကို ယာယီရပ်နားထားခဲ့သည်။




ယာယီရပ်နားခဲ့သော နိုင်ငံကူးလက်မှတ် အွန်လိုင်းစနစ်ဖြင့် Booking ကြိုတင်လျှောက်ထားခြင်းကို မေ ၁ ရက်မှစ၍ PASSPORT ရုံးများ ပြန်လည်ဖွင့်လှစ်က အွန်လိုင်းစနစ်ဖြင့် Online Appointment System ဖြင့် QR Code ရယူခြင်းကို လက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်ရုံးမှ သိရသည်။

PNT

# ဒုတိယဝန်ကြီးဒေါ်နုမြဇံ မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးမြို့ရှိ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ပြတိုက်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေး ငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော် ဘုရားကြီး၏ သာသနာ့ဝန် ထမ်းဆောင်သာသနာပြုခဲ့မှု မှတ်တမ်းများ၊ သုံးဆောင်ခဲ့သောအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားရာ ပြတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက ငလျင်ဒဏ်ကြောင့် စာသင်ဆောင်များ၊ ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ သင်ထောက်ကူပစ္စည်းများ ထိခိုက်ပျက်စီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အန္တရာယ် ဖြစ်စေနိုင်သော အဆောက်အအုံများကိုပထမဦးစားပေးပြင်ဆင်ပြီး ကျန်အဆောက်အအုံများကို ဦးစားပေးအလိုက် အချိန်မီ ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် မဏ္ဍူသကဆောင်ခန်းမ၌ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အားပေးစကား ပြောကြားကာ နိုင်ငံတော်မှ ထုတ်ပြန်ထားသော ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အချက်အလက်များကို လေ့လာမှတ်သား လိုက်နာဆောင်ရွက်သွားကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား ၁၆ ဦးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံသားတစ်ဦးတို့အား ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ် (KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား ၁၆ ဦးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ၁၇ ဦးတို့အား လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကိုတို့ကိုရှေးရှု၍ ယနေ့တွင် မြန်မာ - ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Zoheir Boud-raa နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ Counsellor Ms. Jarin Sajaya-binti Abdul Hathi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၃ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၈၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၄၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “ပန်းဆု@user4277348004554” TikTok၊ “အသဲကွဲသူမလာရ@user8882909-630503” TikTok၊ “Nay Myo Tun” Face-book အကောင့်များပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ရေလယ်ကုန်းကျေးရွာနေ နန်းမွှအား မွန်းလွဲ ၂ နာရီခွဲတွင် ကော့ကရိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြင်ဦးလွင်မြို့နယ်၌ နှစ်လုံး / သုံးလုံးထီရောင်းချသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထား

နေပြည်တော် မေ ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ မေ ၂၈ ရက်က နှစ်လုံး/သုံးလုံးထီ ရောင်းချသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၈ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄)၌ နှစ်လုံး/သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ အောင်အောင်(ခ)အဗ္ဗသွန်ရာဟမ်း (၄၂)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအားအသင့်တွေ့ရှိရပြီး နေအိမ်နောက်ဖေးအခန်းအတွင်းမှ တရားမဝင် နှစ်လုံး/ သုံးလုံးထီရောင်းချရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေ ၂၃၀၀၀၀ ကျပ်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်အောင်(ခ) အဗ္ဗသွန်ရာဟမ်းကို ပြင်ဦးလွင်မြို့မရဲစခန်း (ပ) ၈၄/၂၀၂၅၊ လောင်းကစားဥပဒေပုဒ်မ ၁၈(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## မီးဘေးအန္တရာယ်သင့်ခဲ့သည့် အိမ်ထောင်စုများ ထောက်ပံ့ပေးအပ်ခြင်းနှင့် မီးဘေးအန္တရာယ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဆိပ်ဖြူ ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်တွင် မီးဘေးသင့် အိမ်ထောင်စုများထောက်ပံ့ပေး အပ်ခြင်းနှင့် မီးဘေးအန္တရာယ် အသိပညာပေးလုပ်ငန်းကို ငွေသဲဖြူ ခန်းမ၌ ဧပြီ ၂၅ ရက် နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**

ဆိပ်ဖြူမြို့နယ်၊ ကဖွန်းမ ကျေးရွာ၌ မတ် ၂၉ ရက် နံနက် ၆ နာရီ ၁၅ မိနစ်ခန့်က မီးကြွင်း မီးကျန်မှုတစ်ဆင့် လူနေအိမ် လေးလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး အိမ်ထောင်စုလေးစု၊ လူဦးရေ ၂၄ ဦး မီးဘေးသင့်ခဲ့သည်။

အဆိုပါ မီးဘေးသင့် အိမ်ထောင်စုများနှင့် လူဦးရေ ၂၄ ဦးတို့အား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ဆောက်ပစ္စည်း၊ ဆန်ရိက္ခာနှင့် ထောက်ပံ့ငွေ စုစုပေါင်း ၅၂၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်မင်းထွန်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဘေးအန္တရာယ်ဆိုသည်မှာ လူတို့ပေါ့ဆမှုကြောင့် ဖြစ်ပွားရသည်များရှိပြီး ကြိုတင်ခန့်မှန်းမရရှိနိုင်သည့် ဘေးအန္တရာယ်အများရှိသည့်အတွက် ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများ သိရှိလိုက်နာဆောင်ရွက်သွားရန်၊ လက်ရှိကာလသည် အပူချိန်မြင့်မားပြီး ပူပြင်းခြောက်သွေ့သော ကာလဖြစ်သလို မိုးကြိုကာလဖြစ်သည့်အတွက် လေပြင်းတိုက်ခတ်မှု၊ မီးဘေးအန္တရာယ်ကို အထူးဂရုပြုလိုက်နာဆောင်ရွက်သွားရန် တို့ကို မှာကြားပြီး မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မီးဘေးအန္တရာယ်၊ အပူချိန်မြင့်မားမှုအန္တရာယ်နှင့် လေပြင်းတိုက်ခတ်မှုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






## ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးအသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ ဖြန့်ဝေ

**ကံမ ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့်(ကြွပ်ကြွပ်အိတ်)အစားထိုးအင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၇ နာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ




**နေပြည်တော် ဧပြီ ၂၉**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၆ ရက် နံနက် ၈ နာရီတွင် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ မကာပိုခမ်းရပ်ကွက်တွင် လမ်းလျှောက်လာသူ အောင်အောင် ဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နံနက် ၈ နာရီ ၂၀ မိနစ်တွင် တင်မင်းကို(ခ) ပြုံးချို ဆိုသူအား တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်တွင် လည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ နံနက် ၈ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်၊ မယ်ဆိုင်ရေချောင်းဘေးအနီးတွင် မောင်တူး(ခ)တူကြီး ဆိုသူ သိုဝှက်သိမ်းထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ အားလည်းကောင်း ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်အောင်(၃၆)နှစ်၊ တင်မင်းကို(ခ)ပြုံးချို(၅၇)နှစ်နှင့် မောင်တူး(ခ)တူကြီး ဆိုသူတို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၉ ရက် ညနေ ၃ နာရီခွဲက တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် မူးယစ်ဆေးဝါးအရောင်းအဝယ် ပြုလုပ်ရန် ရောက်ရှိလာသော ညီကတ်(ခ)လောန၊ အိုက်ပလိတ်၊ ဆမ်ချင်းနှင့် ဆိုင်ခမ်းတို့ လေးဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၆၀၂၀၀၀၊ Vigo၊ LEXUS၊ CROWN မော်တော်ယာဉ် သုံးစီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၁၁ နာရီက စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချခဲ့သူ ယွေထိအား တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်ရှိ နေအိမ်၌ ဘိန်းညိုဘလောက်တုံး အလေးချိန် ၂ ဒသမ ၄၅ ကီလို၊ အိုက်စ်(မက်သ်အဖက်တမင်း) ၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀၊ ဘိန်း ၂၈ ဒသမ ၅ ကီလို၊ ကက်တမင်း ၁၀၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့် WY တံဆိပ် ပါမို ၁စုံ၊ ပစ္စတိုသေနတ် သုံးလက်၊ ကျည်မျိုးစုံ ၇၂၈ တောင့်၊ မော်တော်ယာဉ် သုံးစီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့၍ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



**အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်**

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် ၃၀မိုင်(၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် ၅၀မိုင်(၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ




## ၂၀၂၄ -၂၀၂၅ ဘောလုံးရာသီ UEFA Youth League ပြိုင်ပွဲ ချန်ပီယံဆုကို ဘာစီလိုနာ ယူ-၁၉ အသင်း ဆွတ်ခူး

**ဘာစီလိုနာ ဧပြီ ၂၉**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ UEFA Youth League ပြိုင်ပွဲ ချန်ပီယံဆုကို ဘာစီလိုနာ ယူ-၁၉အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဘာစီလိုနာ ယူ-၁၉အသင်းသည်UEFA Youth League ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် တူရကီကလပ် ထရက်ဇွန်စပေါ်အသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ဘာစီလိုနာယူ-၁၉အသင်းသည် UEFA Youth League ပြိုင်ပွဲ ချန်ပီယံဆုအား သုံးကြိမ်ထိ ဆွတ်ခူးခဲ့ပြီး အအောင်မြင်ဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "အသင်းအနေနဲ့ အခုလို UEFA Youth League ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ ဂုဏ်ယူမိပါတယ်။ အသင်းကို အခုလို ချန်ပီယံဆုရရှိအောင် ကြိုးစားပေးခဲ့ကြတဲ့ အသင်းကစားသမားတွေနဲ့ နည်းပြအဖွဲ့ဝင်အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)(NGB)**




## အင်္ဂလိပ်ချန်ပီယံရှစ် တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို နည်းပြ စကော့ပါကား ဆွတ်ခူး

**လန်ဒန် ဧပြီ ၂၉**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ် တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို ဘန်လေအသင်းနည်းပြ စကော့ပါကားက ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ နည်းပြသည် ဘန်လေအသင်းအား ပရီးမီးယားလိဂ်သို့ တန်းတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

နည်းပြ စကော့ပါကားသည် ဘန်လေအသင်းကို ၂၀၂၄ခုနှစ် ဇူလိုင် ၅ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၄၉ပွဲတွင် ၂၉ပွဲနိုင်၊ ၁၆ပွဲသရေ၊ ၄ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

အသက်(၄၄)နှစ်အရွယ်ရှိ



နည်းပြ စကော့ပါကားက "ကျွန်တော် အခုလို တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်အခုလို ဆုရရှိတာကလည်း အသင်းသားတွေရဲ့ အစွမ်းကုန်ကြိုးစားမှုကြောင့်ပါ။ ဘန်လေအသင်းကိုလည်း အောင်မြင်မှုတွေရရှိအောင် ကြိုးစားပေးသွားဦးမှာပါ" ဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

## မာခ့်ဂူဟီအား စာချုပ်သက်တမ်းတိုးရန် ခရစ္စတယ်ပဲလေ့စ်အသင်း ကြိုးပမ်း

**လန်ဒန် ဧပြီ ၂၉**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းနောက်ခံကစားသမား မာခ့်ဂူဟီအား စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းလာခဲ့ပြီဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်း



များစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းလာခြင်းဖြစ်သည်။

နောက်ခံကစားသမား မာခ့်ဂူဟီသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၁ပွဲကစားပြီး ရှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းထုတ်ပြန်ချက်တွင် "မာခ့်ဂူဟီအားစာချုပ်သက်တမ်းတိုးဖို့ ကြိုးပမ်းနေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်မှာပါ" ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)(NGB)**

## 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Coco Gauff တက်ရောက်

**မက်ဒရစ် ဧပြီ ၂၉**

စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အမေရိကန်တင်းနစ်မယ် Coco Gauff တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Coco Gauff သည် 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဆွစ်ဇာလန် တင်းနစ်မယ် Belinda Bencic အား ၆-၄၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff နှင့် ရုရှားတင်းနစ်မယ် Mirra Andreeva တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(ယာပုံ)**
**(NGB)**



## ဒရော့ဘာ၏ ဂိုးသွင်းစံချိန်အား ဂရင်းဝုဒ် လိုက်မီ

**ပါရီ ဧပြီ ၂၉**

မာဆေးလ်အသင်းတိုက်စစ်မှူး ဂရင်းဝုဒ်သည် ပထမဆုံးရာသီမှာ လိဂ်သွင်းဂိုး ၁၉ဂိုးအထိ သွင်းယူခဲ့ပြီး အသင်းကစားသမားဟောင်းဖြစ်သူ ဒရော့ဘာ၏ လိဂ်သွင်းဂိုးစံချိန်အား လိုက်မီခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် မာဆေးလ်အသင်းသို့ ယခုနှစ်ဘောလုံးရာသီမှ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး ပြင်သစ်လီဂူးပွဲစဉ် ၃၁ပွဲကစားကာ သွင်းဂိုး ၁၉ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂရင်းဝုဒ်က "ကျွန်တော် အခုလို ဒရော့ဘာရဲ့စံချိန်အား လိုက်မီခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော် အခုလို သွင်းဂိုးတွေ သွင်းယူနိုင်တာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ" ဟု ပြောသည်။

**(NGB)**

## တိုဒီဘိုအား အပြီးသတ်ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း စီစဉ်



**လန်ဒန် ဧပြီ ၂၉**

ဝက်စ်ဟမ်းအသင်းသည် နီုက်စ်အသင်းမှ အငှားဖြင့်ခေါ်ယူထားသည့် နောက်ခံကစားသမား တိုဒီဘိုအား အပြီးသတ်ခေါ်ယူရန် စီစဉ်လျက်ရှိပြီ ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် ဝက်စ်ဟမ်းအသင်းသို့ အငှားဖြင့် ပြောင်းရွှေ့လာပြီး ပြိုင်ပွဲစုံ ၂၂ပွဲ ကစားကာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အပြီးသတ်ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းထုတ်ပြန်ချက်တွင် "တိုဒီဘိုအား အပြီးသတ်ခေါ်ယူဖို့ နီုက်စ်အသင်းနဲ့ ဆွေးနွေးနေပါပြီ။ မကြာမီ အပြီးသတ်နိုင်တော့မှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)(NGB)**

## ပစ်တာယိုကီရက်စ် တစ်ရာသီအတွင်း ပြိုင်ပွဲစုံ ဂိုးပေါင်း ၅၀ကျော် သွင်းယူနိုင်ခဲ့

**လန်ဒန် ဧပြီ ၂၉**

စပို့တင်းလစ္စဘွန်းအသင်း တိုက်စစ်မှူး ဗစ်တာယိုကီရက်စ်သည် တစ်ရာသီအတွင်း ပြိုင်ပွဲစုံသွင်းဂိုးပေါင်း ၅၀ကျော်သွင်းယူနိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီတွင် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၈ပွဲကစားပြီး ၅၂ဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနေသည့် တိုက်စစ်မှူး ဗစ်တာယိုကီရက်စ်ကို ဥရောပထိပ်သီးကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဗစ်တာယိုကီရက်စ်က "ကျွန်တော် အခုလို တစ်ရာသီအတွင်း ပြိုင်ပွဲစုံ သွင်းဂိုး ပေါင်း ၅၀ကျော်သွင်းယူနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေနဲ့ အသင်းအောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(အောက်ပုံ)(NGB)**



## လီယန်ဒီလပ်အားခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း ဆွေးနွေး

**မန်ချက်စတာ ဧပြီ ၂၉**

မန်ချက်စတာယူနိုက်တက်အသင်းသည် အစ်ဆွစ်ချ်အသင်း တိုက်စစ်မှူး လီယန်ဒီလပ်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အစ်ဆွစ်ချ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၆ပွဲကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

တိုက်စစ်မှူး လီယန်ဒီလပ်ကိုယ်တိုင်ကလည်း အစ်ဆွစ်ချ်



အသင်း ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရပြီဖြစ်၍ အသင်းမှထွက်ခွာသွားဖွယ် ရှိနေသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် အစ်ဆွစ်ချ်အသင်းထံမှ လီယန်ဒီလပ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)**
**(NGB)**

### ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်)ပထမအကျော့ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု ရလဒ် | အဖွဲ့/အိမ်/ဧည့်သည် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁-၅-၂၀၂၅ | ဘာစီလိုနာ - အင်တာမီလန် | ဘာစီလိုနာ ၃-၃ အင်တာမီလန် | ဘာစီလိုနာ(အိမ်) | ၁၇ | ၁၃ | ၁ | ၃ | ၄၆ | ၁၄ |
| နံနက်၀၁း၃၀နာရီ | (စပိန်-၁) (အီတလီ-၁) | အင်တာမီလန် ၁-၀ ဘာစီလိုနာ | အင်တာမီလန်(ဧည့်) | ၁၇ | ၉ | ၅ | ၃ | ၃၅ | ၁၄ |

## တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပွဲ ကျင်းပ

**မြစ်သား ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ရွှေသူဌေးရပ်ကွက်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းဝင်းအတွင်း၌ ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပွဲကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်အတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသီတာက ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲ (Grade-12) အဖြေလွှာများ မီးလောင်ပျက်စီးသွားမှု အခြေအနေများ၊ တက္ကသိုလ်ဝင်တန်းအား ပြန်လည်ဖြေဆိုရမည့်အခြေအနေများနှင့် စီစဉ်ထားရှိမှုများအား ကျောင်းသား၊ ကျောင်းသူ၊ ကျောင်းသားမိဘများအား ရှင်းလင်းဆွေးနွေးခဲ့သည်။



ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တစ်ဦးလျှင် ဗလာစာအုပ် ၁၂ အုပ်၊ ဘောပင် နှစ်ချောင်း၊ ခဲတံ နှစ်ချောင်းစီ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ပခုက္ကူ ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ ပြည်သူများ စားဝတ်နေရေးအဆင်ပြေရေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များအတွင်း လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသောအိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များအား ဧပြီ ၂၈ ရက် နံနက် ၉ နာရီခွဲက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။



ထို့သို့ စစ်ဆေးရာတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝေဠုအောင် ဦးဆောင်သော ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)တို့မှဝန်ထမ်းများ ပူးပေါင်း၍ ပခုက္ကူမြို့ပေါ်ရပ်ကွက်များအတွင်း လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသော အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များ၌ ရည်ညွှန်းသတ်မှတ်ဈေးနှုန်းထက် မြင့်တင်ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများ ရှိ၊ မရှိ၊ ကုန်ပစ္စည်းပြတ်လပ်မှု ရှိ၊ မရှိ၊ တရားဝင်မှတ်ပုံတင်ဖြန့်ဖြူးရောင်းချထားသော အိမ်ဆောက်ပစ္စည်းများ ဟုတ်၊ မဟုတ်၊ ကုန်ညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာဖော်ပြထားမှု ရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြသည်။

ထို့နောက် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်ပိုင်ရှင်များနှင့် ဝန်ထမ်းများအား ကုန်ပစ္စည်းများဖြန့်ဖြူးရောင်းချရာတွင် ပြည်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အကျိုးအမြတ်ရရှိရေးထက် ဈေးနှုန်းတည်ငြိမ်ရေးကို အလေးထားဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များ၊ တားမြစ်ချက်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၄၀)

## လျှင်ဘေးသင့် မိသားစုများအတွက် ယာယီမေတ္တာကွန်းခိုရာနေရာ ထပ်မံဖွင့်လှစ်

**ကျောက်ဆည် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့တွင် မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးသင့်မိသားစုများအား ကြက်မင်းတွန်ရပ်ကွက်ရှိ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းအားကစားကွင်းတွင် ယာယီမေတ္တာကွန်းခိုရာနေရာအား ဧပြီ ၂၆ ရက် နံနက်ပိုင်းက ထပ်မံဖွင့်လှစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရပ်ရှင်သရပ်ဆောင် နေထူးနိုင်၊ စင်ကာပူရောက် Unity Heart အဖွဲ့၏လှူဒါန်းမှုဖြင့် ဒေါ်သင်းပုံ့ကြူ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း(ကျောက်ဆည်ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ)နှင့်တပ်ဖွဲ့ဝင်များ၊ ဒေါက်တာ မျိုးဝဏ္ဏအောင်(မြဘုရင်)(မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ)နှင့် တပ်ဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများပူးပေါင်း၍ အိုးအိမ်များ ပျက်စီး၍ အမှန်တကယ် နေထိုင်ရန် အဆောက်အအုံမရှိသော မိသားစုများအတွက် ယာယီနေထိုင်ရန်၊ စားဝတ်နေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရန်အတွက် ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက် မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းတွင် ယာယီမေတ္တာကွန်းခိုရာ(၁)နှင့် ဖောင်ရှာရပ်ကွက်တွင် ယာယီမေတ္တာကွန်းခိုရာ(၂)တို့ကို ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ယာယီမေတ္တာကွန်းခိုရာနေရာ(၁)တွင် မြင်စိုင်းအနောက်ရပ်ကွက်၊ မြို့ဦးရပ်ကွက်၊ ညောင်ခြောက်ပင်ရပ်ကွက်၊ သစ်ကြီးတန်းရပ်ကွက်၊ ဘင်စုရပ်ကွက်၊ ဆူးကုန်းရပ်ကွက်၊ ပြည်လုံးနိုင်ရပ်ကွက်၊ပေါင်းလောင်းကျေးရွာနှင့် စဉ့်ကိုင်မြို့နယ်၊ ဘယ်လင်းကျေးရွာတို့မှ အိမ်ထောင်စု ၂၅ စု၊ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၅၆ ဦး၊ စုစုပေါင်း ၈၅ ဦးနှင့် ယာယီမေတ္တာကွန်းခိုရာနေရာ(၂)တွင် မြင်စိုင်းရပ်ကွက်မှ အိမ်ထောင်စု ၅၁ စု၊ အမျိုးသား ၉၁ ဦး၊ အမျိုးသမီး ၉၄ ဦး၊ စုစုပေါင်း ၁၈၅ ဦးအတွက် ယာယီတဲများ ဆောက်လုပ်ပေးခြင်း၊ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် စားသောက်ဖွယ်ရာများကို သုံးလတိတိ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**တင်တင်ထွေး**



## စားဖိုဆောင်သီးနှံများ ရာနှုန်းပြည့်သိမ်းဆည်းပြီးစီး

**ပွင့်ဖြူ ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံရာသီတွင် စိုက်ပျိုးခဲ့သော စားဖိုဆောင်သီးနှံစိုက်ခင်းများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်ခြောက် ၉၈၂ ဧက၊ ကြက်သွန်နီ ၁၁၄၈ ဧက၊ ကြက်သွန်ဖြူ ၃၈ ဧက၊ စုစုပေါင်း စားဖိုဆောင်သီးနှံ ၂၁၇၈ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ အဆိုပါ စားဖိုဆောင်သီးနှံများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်သိမ်းဆည်းခဲ့ရာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းအနေဖြင့် ငရုတ်ခြောက် တစ်ဧကလျှင် ၇၅၂ ပိဿာ၊ ကြက်သွန်နီ တစ်ဧကလျှင် ၅၅၁၀ ပိဿာ၊ ကြက်သွန်ဖြူ တစ်ဧကလျှင် ၂၉၀၅ ပိဿာ ထွက်ရှိသည်။

စားဖိုဆောင်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး အောင်မြင်ဖြစ်ထွန်းစေဖို့နဲ့ ဝယ်ယူစားသုံးတဲ့ ပြည်သူများ အစားအစာဘေးကင်းလုံခြုံစေဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် နယ်မြေကွင်းဆင်းပြီး နည်းပညာတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်' ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားနပ်ရိက္ခာဖူလုံပို့လျှံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ငရုတ်ခြောက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ဆောင်းသီးနှံစုံ ၂၅၂၅ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၂၁၇၈ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ဒေသခံတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အထွက်နှုန်းများကောင်းမွန်စေရေးနှင့် စိုက်ပျိုးသည့် သီးနှံများအားလုံး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနှင့်ကိုက်ညီအောင် စနစ်တကျ စိုက်ပျိုးသွားနိုင်ရေးအတွက် လိုအပ်သော စိုက်ပျိုးရေးနည်းပညာများကို ကွင်းဆင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)



## ဘီလပ်မြေရောင်းသည့်ဆိုင်များတွင် ရောင်းဈေးနှင့် ပင်ရင်းဝယ်ယူသည့်ဈေးအား လိုက်လံစစ်ဆေးဆောင်ရွက်



**ကျောက်ဆည် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ ဘီလပ်မြေအရောင်းဆိုင်များအား ရောင်းဈေးနှင့် ပင်ရင်းဝယ်ယူသည့်ဈေး သိရှိနိုင်ရေးအတွက် လိုက်လံစစ်ဆေးဆောင်ရွက်မှုကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)

ထိုသို့ စစ်ဆေးရာတွင် ကျောက်ဆည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ကျောက်ဆည်မြို့နယ်အတွင်းရှိ ဘီလပ်မြေရောင်းချသည့်အရောင်းဆိုင်များအား ရောင်းဈေးနှင့် ပင်ရင်းဝယ်ဈေးများအား သိရှိနိုင်ရေးအတွက် လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **စုစုအေး(ကျောက်ဆည်)**

**မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ။**

# အလွတ်တန်းဖိတ်ခေါ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**တောင်ကြီး ဧပြီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ဧပြီ ၂၄ရက် မွန်းလွဲ ၃ နာရီခွဲက ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်ဖူဆယ်ဆပ်ကော်မတီနှင့် ဖြူစိမ်း Iconsport တို့မှ ပူးပေါင်းကျင်းပသည့် အလွတ်တန်းဖိတ်ခေါ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ MONG TAI အသင်းနှင့် ADDNIS အသင်းတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ယှဉ်ပြိုင်နေမှုများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖူဆယ်ဘောလုံးအသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးရာ MONG TA အသင်းက ADDNIS အသင်းကို ၅-၄ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ Rhino၊ ဖြူစိမ်း Iconsport နှင့် ဖူဆယ်ချစ်သူပရိသတ်များ အလှူရှင်များက လျှော်ဘေးအတွက် အလှူငွေကျပ် ၅၈၀၃၄၀၀ အား ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီး ဦးမင်းမင်းလွင်က လက်ခံရယူပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် တာဝန်ရှိသူများက အလွတ်တန်းဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသော MONG TAI အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားကျပ် ၁၀သိန်းနှင့် ပထမဆုဖလားကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ADDNIS အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော ဆောက်သမ်ချယ်ရီအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် ဂိုးသွင်းအများဆုံးဆုရရှိသူကို ဆုတံဆိပ်နှင့် ငွေကျပ် ၅၀၀၀၀ကိုလည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုရရှိသူကို ဆုတံဆိပ်နှင့် ငွေကျပ် ၅၀၀၀၀ကိုလည်းကောင်း၊ အကောင်းဆုံး ဂိုးသမားဆုရရှိသူကို ဆုတံဆိပ်နှင့် ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း၊ အသက် ၃၈နှစ်အထက် ပထမဆုရရှိသော Apple FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော AC FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် သုံးသိန်းကိုလည်းကောင်း အသီးသီးဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။



(အပေါ်ဝဲပုံ)

(၃၆၈)



## ကျိုက်ထီးဆောင်းဆရာတော်ကြီးနှင့် တပည့်ဒါယကာများ မန္တလေးငလျင်ဘေးသင့်ပြည်သူများအား စားသောက်ကုန်များ လှူဒါန်း

**မန္တလေး ဧပြီ ၂၉**

မွန်ပြည်နယ်မှ ကျိုက်ထီးဆောင်းဆရာတော်ကြီးနှင့်တပည့်ဒါယကာများမှ မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက် ငလျင်ဘေးနှင့်မီးဘေးသင့်ပြည်သူအိမ်ထောင်စု ၄၀၀ အတွက် ဆန်၊ ဆီ၊ မိုးကာ၊ ခေါက်ဆွဲခြောက်၊ ဆေးအိတ်နှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းပွဲကို ဧပြီ ၂၅ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ၄၁လမ်း၊ လမ်း ၉၀နှင့် ၉၁ လမ်းကြား၊ အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ငလျင်ဘေးကူညီကယ်ဆယ်ရေးယာယီစခန်းတွင် ကျင်းပသည်။

ကျိုက်ထီးဆောင်း ဆရာတော်ကြီးနှင့်တပည့်ဒါယကာများက စုပေါင်းလှူဒါန်းမှုတွင် နေအိမ်ပြိုကျမှုကြောင့် သေဆုံးသည့် မိသားစုဝင်များနှင့် မီးဘေးသင့်၍ အမှန်တကယ်နေအိမ်ဆုံးရှုံးသည့် ပြည်သူများအား စနစ်တကျစိစစ်ပြီး လှူဒါန်းရာ မဟာလူမှုကယ်ဆယ်ရေးအဖွဲ့ဥက္ကဋ္ဌဦးသက်ထွန်းဝင်းနှင့်အမှုဆောင်များက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ငလျင်ဘေးကူညီကယ်ဆယ်ရေးစခန်းသို့ စားသောက်ဖွယ်ရာများ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ လှူဒါန်းလိုပါက ဖုန်း- ဥက္ကဋ္ဌ၊ ဖုန်း ၀၉-၄၀၂၆၀၀၀၃၃၊ အတွင်းရေးမှူး၊ ဖုန်း ၀၉-၇၇၅ ၁၉၂၁၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဧပြီ ၂၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေး၊ အောင်မြေသာစံမြို့နယ် ဦးစီးမှူးရုံးက ငလျင်ဒဏ်သင့်ပြည်သူများ၏ ပျောက်ဆုံး/ပျက်စီးသွားသည့် အိမ်ထောင်စုဇယားများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဧပြီ ၂၈ရက် နံနက် ၁၀ နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ နန်းတော်ရှေ့ရှိ အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်းရှိ ယာယီစခန်းတွင် ဆောင်ရွက်ပေးကြသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ခရိုင်လဝကဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်နှင့်ဝန်ထမ်းများ၊ ငလျင်ဒဏ်သင့်ပြည်သူများ တက်ရောက်ကြသည်။

အထက(၁၇)ငလျင်ဒဏ်သင့်များ ယာယီစခန်းတွင် မေဃဂီရိရပ်ကွက်၊ ပုလဲငွေရောင်ရပ်ကွက်၊ ပြည်ကြီးရန်လုံရပ်ကွက်၊အောင်မြေသာစံရပ်ကွက်၊ အမရဌာနီ(အရှေ့)ရပ်ကွက်၊ အမရဌာနီ(အနောက်)ရပ်ကွက်နှင့် ပြည်လုံးချမ်းသာရပ်ကွက်တို့မှ ငလျင်ဒဏ်သင့်ပြည်သူများအား အိမ်ထောင်စုဇယား ၃၀ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ၅၄တို့ကို ထုတ်ပေးခဲ့ပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ) (၀၉၃)

## လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်း (အခမဲ့)ဖွင့်လှစ်

**ကျောက်ဆည် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် တစ်နိုင်တစ်ပိုင် လူသုံးကုန် ပစ္စည်းထုတ်လုပ်မှု နည်းပညာများ တတ်မြောက်ပြီး မိသားစုအပိုဝင်ငွေမှ စီးပွားဖြစ်ဝင်ငွေရရှိရေးအတွက် ဧပြီ ၂၈ ရက် နံနက် ၉နာရီက လူသုံးကုန် ပစ္စည်းထုတ်လုပ်မှု နည်းပညာ သင်တန်း(အခမဲ့) ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ကိုယ်ပိုင်စီးပွားရေးထူထောင်ပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး သင်တန်းနည်းပြ ဆရာမ ဒေါ်အေးအေးဝင်းက ဘက်စုံသုံးဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည် ပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဧပြီ ၂၈ ရက်မှ ၃၀ ရက်အထိ ၃ရက်ကြာ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား သင်တန်းနည်းပြဆရာမက စာတွေ့၊ လက်တွေ့ (အခမဲ့) သင်ကြားပေးလျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

**စုစုအေး(ကျောက်ဆည်)**



## နွေစပါး ဧက ၂၀၁၁၀ လျာထားပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြစ်သား ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ကင်းတားရေလှောင်တမံဆည်ရေဖြင့် နွေစပါးစိုက်ပျိုးလျက်ရှိပြီး ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစိုက်ဧက ၂၀၁၁၀ လျာထား ဆောင်ရွက်လျက်ရှိရာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြစ်သားမြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူများအနေဖြင့် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တောင်သူများ နွေစပါးသီးနှံအဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် ကင်းတားရေလှောင်တမံဆည်ရေမှ စမာမြောင်း၊ ပန်းလောင်မြစ်နှင့် မြောင်းကြီးဘောင်းမြစ်တို့မှတစ်ဆင့် ဖြန့်ဝေပေးခဲ့သည်။ ထိုသို့ စိုက်ပျိုးရေ စနစ်တကျ ဖြန့်ဝေမှုကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ ယခု ၂၀၂၄-၂၀၂၅ နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး စိုက်ဧက ၂၀၁၁၀ လျာထား စိုက်ပျိုးဆောင်ရွက်ထားရှိသည်။



(အောက်ဝဲပုံ)

နွေစပါးစိုက်ပျိုးထုတ်လုပ်မှုသည် မိုးစပါးထက် အထွက်နှုန်းကောင်းလေ့ရှိပြီး ပန်းတိုင်အထွက်နှုန်းလည်း ပြည့်မီကျော်လွန်ကြသဖြင့် နွေစပါးစိုက်ပျိုးမှုဖြင့် နိုင်ငံ့စီးပွားတိုးတက်လျက်ရှိကာ တောင်သူများလည်း ထပ်တူအကျိုးခံစားရ၍ အကျိုးစီးပွားဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။**ဝင်းမင်းထွန်း(ပြန်/ဆက်)**




# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## သွားကျန်းမာရေးကို ထိခိုက်စေတဲ့ အလေ့ကျင့်ဆိုးများ

သွားဟာ လူ့ခန္ဓာကိုယ်ရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။သွားတွေကြံ့ခိုင်စေဖို့ ခံတွင်းသန့်ရှင်းရေးနဲ့ ခံတွင်းကျန်းမာရေးက အရေးကြီးပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် နေ့စဉ်ရေချိုးသန့်စင်ပေမယ့် သွားနဲ့ခံတွင်းသန့်ရှင်းရေးကို သေချာမလုပ်ပေးတာက ခန္ဓာကိုယ်သန့်ရှင်းရေးသေချာမလုပ်တာနဲ့ အတူတူပါပဲ။ သွားတွေကြံ့ခိုင်နေမှ စားချင်တဲ့အစားအစာတွေကို ဝါးပြီးစားနိုင်မှာပါ။ ဒီနေ့တော့ သွားကျန်းမာရေးကို ထိခိုက်စေတဲ့အလေ့ကျင့်ဆိုးတွေကို ဖော်ပြပေးသွားပါမယ်။

**(၁) မုန့်ထုပ်တွေကို သွားနဲ့ကိုက်ဖွင့်ခြင်း**

မုန့်(သို့မဟုတ်) အာလူးကြော်၊ သရေစာမုန့်ထုပ်တွေကို သွားနဲ့ကိုက်ဖွင့်ခြင်းက သွားကိုအလွှာကွာစေပြီး ကျိုးပဲ့စေနိုင်ပါတယ်။ ဒါ့ကြောင့် မုန့်ထုပ်တွေကို သွားနဲ့ကိုက်ဖွင့်မယ့်အစား ကတ်ကြေးနဲ့ ကိုက်ဖွင့်ပေးပါ။

**(၂) ပုလင်းအဖုံးတွေကို သွားနဲ့ကိုက်ဖွင့်ခြင်း**

ဖျော်ရည်(သို့မဟုတ်)ဘီယာပုလင်းအဖုံးတွေကို သွားနဲ့ကိုက်ဖွင့်ခြင်းက သွားအပေါ်ယံအလွှာတွေကိုကွာစေပြီး သွားကျိုးပဲ့စေတဲ့အပြင် အခန့်မသင့်ရင် သွားတစ်ချောင်းလုံးကျိုးပဲ့သွားတဲ့အထိ ဖြစ်စေနိုင်ပါတယ်။ ပုလင်းအဖုံးတွေကို သွားနဲ့ကိုက်ဖွင့်တတ်တဲ့ အကျင့်ရှိတယ်ဆိုရင်တော့ အမြန်ဆုံးပြင်သင့်ပါတယ်။

**(၃) လက်သည်းကိုက်ခြင်း**

လက်သည်းကိုက်ခြင်းက သွားကို ဆိုးရွားစွာထိခိုက်စေနိုင်တယ်။ လက်သည်းကိုက်တာက တစ်ကိုယ်ရေသန့်ရှင်းမှုအတွက် မကောင်းတဲ့အပြင် သွားအပေါ်ယံကြွေလွှာကိုပါ ထိခိုက်စေနိုင်ပါတယ်။

**(၄) သွားကို ကြမ်းကြမ်းတမ်းတမ်းတိုက်ခြင်း**

သွားပိုးစားခြင်းနဲ့ ခံတွင်းနံ့ဆိုးခြင်းတွေသက်သာစေဖို့အတွက် တစ်နေ့ကိုနှစ်ကြိမ် သွားတိုက်ပေးဖို့လိုအပ်ပါတယ်။ ဒါပေမဲ့ သွားတိုက်ပုံတိုက်နည်းမှန်ကန်နေဖို့ကလည်း အရေးကြီးပါတယ်။ သွားကို ခဏခဏတိုက်ဖို့လည်း မလိုအပ်သလို သွားအလွန်အကျွံတိုက်လွန်းရင် ကြွေလွှာတွေပျက်စီးကာ သွားဖုံးထိခိုက်ပြီး သွားကိုထိခိုက်လွယ်စေပါတယ်။ သွားတိုက်တဲ့အခါ သွားပွတ်တံပျော့ပျော့နဲ့ စက်ဝိုင်းပုံစံညင်သာစွာ တစ်နေ့နှစ်ကြိမ်တိုက်ပါ။

**(၅) သွားကြားမကြာခဏထိုးခြင်း**

သွားကြားထိုးတံတွေက သွားကြားက အညစ်အကြေးတွေကို ဖယ်ရှားဖို့အတွက်ပဲ အသုံးပြုကြတာဖြစ်ပါတယ်။ သွားပွဲ့ထားတဲ့ နေရာတွေကြားကို သွားကြားထိုးတံနဲ့ ထိုးကလော်တာမျိုးကလည်း ပြဿနာရှိပါတယ်။ သွားကြားထိုးတံနဲ့ မကြာခဏထိုးရင် သွားတွေကိုယိုင်စေပြီး သွားကျဲစေနိုင်ပါတယ်။ ဒါ့ကြောင့် သွားကြားထိုးတံကို အသုံးပြုတဲ့နေရာမှန်ကန်ဖို့၊ ဂရုစိုက်ဖို့လိုပါတယ်။

**Daisy**



## ချိုင်းသားချောမွေ့စေဖို့ အရေပြားဆရာဝန်တွေရဲ့ အကြံပြုချက်များ

အင်္ကျီလက်ပြတ်ဝတ်ဖို့နဲ့ လက်မြှောက်ဖို့အတွက် ချိုင်းသားမချောမွေ့ဘဲ ညိုညစ်နေရင် ယုံကြည်မှုလျော့ကျပြီး စိတ်ညစ်ဖို့ကောင်းတယ်ဆိုတာ ချိုင်းသားညိုတဲ့သူတွေပဲ နားလည်ပါတယ်။ ချိုင်းသားမှာ အဖုအထစ်တွေမရှိဘဲ ညိုညစ်ခြင်းမရှိမှ ယုံကြည်မှုရှိရှိနဲ့ လက်မြှောက်ရဲဖို့အတွက်ဆိုရင် ရေဓာတ်ပြည့်ဝပြီး ချောမွေ့နေတဲ့ ချိုင်းသားလေးတွေရနိုင်ဖို့အတွက် အရေပြားနဲ့အလှအပ ဆရာဝန်တွေပြောတဲ့ အကြံပြုချက်တွေကို ဝေမျှပေးလိုက်ပါတယ်။

**(၁) ချိုင်းသားကို၊ ကြေးချွတ်ပါ**

ချောမွေ့တဲ့ချိုင်းသားရဖို့အတွက် ပုံမှန်ကြေးချွတ်သန့်စင်ခြင်းလုပ်ဖို့ လိုပါတယ်။ ကြေးချွတ်ခြင်းက ဆဲလ်သေတွေကိုဖယ်ရှားပေးပြီး ချွေးပေါက်တွေကို ပိတ်စေတဲ့အပြင်အသားအရေကို တင်းရင်းစေပါတယ်။ ကြေးချွတ်တဲ့အခါမှာ Salicylic Acid, Lactic Acid နဲ့ Glycolic acid တို့လို ပါဝင်ပစ္စည်းပါတဲ့ Chemical Exfoliator တွေကို ရွေးချယ်အသုံးပြုပါ။

**(၂) အစိုဓာတ်ဖြည့်ပေးတဲ့ Moisturizer လိမ်းပါ**

ရေချိုးပြီး အစိုဓာတ်ဖြည့်ပေးတဲ့ လိုးရှင်း(Hydrating Lotion or Cream)ကို မဖြစ်မနေလိမ်းပေးပါ။ ဒါက အသားယားရောင်တာ အထူးသဖြင့် ကြေးချွတ်(Exfoliation)လုပ်ပြီးနောက်ပိုင်း အဖုအထစ်ဖြစ်တာ၊ ကြမ်းတာမျိုးဖြစ်တာကိုလျှော့ချပေးပါတယ်။



**(၂) Dry Shave မလုပ်ပါနဲ့**

ချိုင်းမွေးရိတ်တဲ့အခါမှာ ရေမစွတ်၊ အမွေးရိတ်ဆပ်ပြာ၊ ခရင်မ်မလိမ်းဘဲ ဒီတိုင်းရိတ်ခြင်း (Dry Shave) လုပ်ခြင်းက အသားယားခြင်း၊ အဖုအထစ်ဖြစ်တာမျိုးဖြစ်စေတတ်တာ ချောမွေ့တဲ့အသားအရေလိုချင်တယ်ဆိုရင်တော့ Skincare Product တွေမပါဘဲ မရိတ်ပါနဲ့ မရိတ်ခင်အမွေးရိတ်ခရင်မ်(Shaving Cream or Gel) မဖြစ်မနေသုံးပေးပါ။

**(၃) လေဆာနဲ့အမွေးအမှင်ဖယ်ရှားခြင်း(Laser Hair Remove) လုပ်ပါ**

လေဆာနဲ့အမွေးအမှင်ဖယ်ရှားခြင်း(Laser Hair Removal) လုပ်တာက ဈေးကြီးတယ်ဆိုပေမယ့် ရလဒ်ကတော့လုံးဝစိတ်ကျေနပ်စရာကောင်းပါတယ်။ ဒါ့အပြင် ပြန်ပေါက်နှုန်းကလည်း ရိတ်တာထက်ကြာတာမို့လို့ မကြာခဏ လုပ်စရာမလိုပါဘူး။

**Daisy**



## အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များ

အပူချိန်ပြင်းထန်လာခြင်းကြောင့် ကြွက်တက်ခြင်းနဲ့ အဖုအပိန့်များထွက်ခြင်း၊ ချွေးထွက်လွန်ခြင်းနဲ့ ကိုယ်အပူချိန်မြင့်တက်ပြီး သတိလစ်ခြင်းများဖြစ်ပေါ်ကာ ပြင်းထန်ပါက အသက်အန္တရာယ်ပါ စိုးရိမ်ရနိုင်ပါတယ်။ ဒါ့ကြောင့် စာဖတ်ပရိသတ်များ အန္တရာယ်မဖြစ်ရလေအောင် အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်တွေကို ဖော်ပြပေးလိုက်ပါတယ်။

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်၊ လေထွက်ကောင်းသော နေရာတွင် နားနေပါ။

(၂) ပူပြင်းသည့် နေရောင်အောက်တွင် ပြင်းထန်စွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားခြင်းကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့် နေရောင်အောက်၌ သွားလာလှုပ်ရှားရန်နှင့် အလုပ်လုပ်ရန် လိုအပ်ပါက အရိပ်လုံလောက်စွာ ရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။ အေးမြသည့်အရိပ်တွင် ခေတ္တအနားယူခြင်းကို မကြာခဏ ပြုလုပ်ပါ။

(၄) အလင်းပြန်သော အဖြူရောင်(သို့မဟုတ်)အရောင်ဖျော့၍ ပွသော အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်းနှင့် ရေချိုးခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၆) အရက်သေစာ သောက်စားခြင်းကို ရှောင်ကြဉ်ပါ။

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်ပါ။

(၈) မိတ်နှင့် ယားဖုများထွက်လျှင် ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ ပြုလုပ်ပေးပါ။

(၉) အပူဒဏ်အန္တရာယ်ခံစားနေရသော လူနာအား အရိပ်ရအေးမြ၍ လေဝင်၊ လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်သောက်စေခြင်း၊ လူနာ၏ခန္ဓာကိုယ် အပူချိန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်၊ ပေါင်ကြားနှစ်ဖက်ကို ရေအေးပတ်တိုက်ပေးခြင်း စသည်တို့ ပြုလုပ်၍ နီးစပ်ရာဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြီး ကုသမှုခံယူရပါမည်။

အထက်မှာဖော်ပြထားတဲ့နှိုးဆော်ချက်များသည် ဆရာဝန်များ၏ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များဖြစ်သောကြောင့် သတိပြုလိုက်နာဖို့ နှိုးဆော်လိုက်ပါတယ်။

**Daisy**

## နွေရာသီနဲ့လိုက်ဖက်သင့်တော်တဲ့ ပေါ့ပေါ့ပါးပါး ဂါဝန်ရှည်ဖက်ရှင်များ

အခုချိန်ဟာ နွေရာသီရဲ့ အပူပြင်းဆုံးအချိန်ကာလဖြစ်တာကြောင့် အပူဒဏ်ကလည်း တော်တော်လေးပြင်းတာဖြစ်လို့ အဝတ်အစားဝတ်တဲ့အခါမှာ ပေါ့ပါးပြီး အသားအေးတဲ့ချည်သားလို ပေါ့ပေါ့ပါးပါးအဝတ်အစားနဲ့ အရောင်ခပ်ဖျော့ဖျော့တွေကို ဝတ်ဆင်တာက အပူကိုသက်သာစေပါတယ်။ အပူဒဏ်ကိုလည်း သက်သာစေပြီး ဖက်ရှင်လည်းကျချင်တယ်ဆိုရင် ပေါ့ပေါ့ပါးပါး ဂါဝန်ရှည်ပုံစံတွေ (Midi Dress)က ဝတ်ရတာလည်း ပေါ့ပေါ့ပါးပါး ရှိပါတယ်။ အပူသက်သာပြီး ဖက်ရှင်ကျစေတဲ့ ဂါဝန်ရှည်ပုံစံတွေကို ပုံနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်။

**Daisy**



## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**ညောင်ဦး မေ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ရှမ်းပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅-၂၀၂၆)ကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်ပေးရန် (၃၀၀)ခု လျာထားပြီး ယခုအစည်းအဝေးမှာ ၁၉၂ ဦး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့အထိ ရှမ်းပြည်နယ်အတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းပေါင်း ၁၈၆၁ ခုကို မှတ်ပုံတင်ခွင့်ပြုထားပေးပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကော်မတီ အမှတ်စဉ် (၁/၂၀၂၅-၂၀၂၆) အစည်းအဝေးတွင် လုပ်ငန်းအသစ်လျှောက်ထားလာသည့် စားသောက်ကုန်လုပ်ငန်း ၅၃ ခု၊ လူသုံးကုန်လုပ်ငန်း ၂၇ ခု၊ အဝတ်အထည်လုပ်ငန်း ၄၆ခု၊ နေထိုင်ရေးလုပ်ငန်း တစ်ခု၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ၅၁ ခုနှင့် အထွေထွေလုပ်ငန်း ၂၁ ခု၊ စုစုပေါင်း ၁၉၉ ခုကို ဥပဒေနှင့်အညီ စနစ်တကျ ခွင့်ပြုပေးနိုင်ရေး ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း၊ မြင်းကောင်ရေ ငါးကောင်အားနှင့်အောက်ရှိပြီး အလုပ်သမားကိုးဦးထက်ပိုသည့် စက်မှုလုပ်ငန်းနဲ့ အလုပ်သမား သုံးဦးနှင့်အထက်ရှိသည့် လက်မှုလုပ်ငန်းများကို ဥပဒေနှင့်အညီ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြု ဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။ **(အပေါ်ဓါတ်ပုံ)**

ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူးက လုပ်ငန်းမှတ်ပုံတင်များနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးနှင့် ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး လုပ်ငန်းမှတ်ပုံတင်များအား ဥပဒေနှင့်အညီ စိစစ်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျ ရခိုင်စေတီတော်မြတ်ကြီး ပရဝဏ်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်တွင်းကြီး မေ ၂၉**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ ကျက်သရေဆောင် ရေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျ ရခိုင်စေတီတော်မြတ်ကြီး ပရဝဏ် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်၊ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ရန် ရည်ရွယ်၍ ဌာနဆိုင်ရာများ စုပေါင်းကာ ယမန်နေ့ နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး ပရဝဏ်ပတ်ဝန်းကျင်ရှိ ချုံနွယ်များနှင့် အမြင်မတင့်တယ်သည့် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များ နုတ်ခြင်း၊ ဘုရားကြီးရင်ပြင်တော်နှင့် လှေကားများ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စွန့်ပစ်အမှိုက်များကောက်ယူခြင်း၊ အမှိုက်လှည်းခြင်း လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသည့်အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက အဖွဲ့ပိုင် အမှိုက်သိမ်းမော်တော်ယာဉ်ဖြင့် စနစ်တကျ သယ်ယူစွန့်ပစ်ခဲ့ကြသည်။

တောင်တွင်းကြီးမြို့ သန့်ရှင်းသာယာလှပစေရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းကာ အထင်ကရနေရာများ၊ ဘုရား၊ စေတီ ပတ်ဝန်းကျင်များ၊ အခြေခံပညာကျောင်းများတွင် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(မိဿနိုးမြေ)**

*-*-*-*-*





ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့ ။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပဲခူးရိုးမ

## ပြည်သူ့အတွက် မန်းစည်ပင်

* လူတွေအားလုံး ပျော်ရွှင်စွာ
ကိုယ်စီအလုပ် လုပ်နေကြတာ
မျှော်လင့်ချက်နဲ့ ကျန်လူသား
အားတက်စွာနဲ့ တကယ်လှုပ်ရှား ။

* မတ်လ နှစ်ဆယ့်ရှစ်ရက်မှာ
ကံကြမ္မာဆိုး ဝင်လို့လာ
နေ့ဆယ့်နှစ်နာရီ ငါးဆယ့်တစ်
မြေငလျင်ကြီး လှုပ်ခတ်ပစ် ။

* ငလျင်ပြင်းပြင်း လှုပ်သွားတာ
အင်အား ခုနစ်ကျော်ပါ
မြေအောက်အနက် တိမ်ရင်တော့
ပျက်စီးဆုံးရှုံးမှု များပြီပေါ့ ။

* ငလျင်လှုပ်လို့ အဆောက်အအုံတွေ
ပြိုကျပျက်စီးခဲ့ရပေ
အသက်များစွာ ဆုံးရှုံးသွား
ဝမ်းနည်းကြေကွဲ မှတ်တမ်းများ ။

* ငလျင်ကယ်ဆယ်ရေးလုပ်ငန်းတွေ
အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နေ
မန်းစည်ပင် ဝန်ထမ်းများ
နေ့/ညမနား အမြဲကြိုးစား ။

* သယ်ယူပို့ဆောင်ရေး အစီအစဉ်မှာ
ရှာဖွေကယ်ဆယ် ရှင်းလင်းရေးတွေပါ
ယာဉ်၊ ယန္တရားနဲ့ ကူညီသေး
အခမဲ့ဝန်ဆောင်မှုတွေပေး ။

* ပြည်သူ့အတွက် မန်းစည်ပင်
ပြန်လည်ထူထောင်ရေး ပုံရိပ်အသွင်
မြို့နေလူထု ကောင်းကျိုးအတွက်
အားကျိုးမာန်တက် ထမ်းဆောင်ရွက် ။ ။

**သန်းနိုင်စိုး(စိုက်/မွေး)**




## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဧပြီ ၂၉**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (မွှာစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ဗိုလ်မှူးမြင့်မောင်(ငြိမ်း) အား ရည်စူး၍ သား၊ သမီး၊ မြေးမိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၂ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ်သုံးသိန်း စုစုပေါင်း ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ ရုံးအဖွဲ့ဝင် ဦးမြင့်ကိုက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များနှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်းသိရသည်။

**(အပေါ်ပုံ)**

PNT

## ဓမ္မစကူးလ်ဖောင်ဒေးရှင်းဗဟိုဥက္ကဋ္ဌ မုံရွာမြို့ ရန်ကင်းဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန ကျင်းပ

**မန္တလေး ဧပြီ ၂၉**

ဓမ္မစကူးလ်ဖောင်ဒေးရှင်းဗဟိုဥက္ကဋ္ဌ မုံရွာမြို့ ရန်ကင်းဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနကို ဧပြီ ၂၆ရက်က ကျင်းပရာ စျာပနလှည့်လည်ရာ လမ်းတစ်လျှောက် မုံရွာမြို့သူ၊ မြို့သားများစွာ ဖူးမြော်ခဲ့ကြသည်။ **(ယာပုံ)**



မုံရွာမြို့၊ ရန်ကင်းရပ်၊ ရန်ကင်း ပရိယတ္တိစာသင်တိုက်ဦးစီး ပဓာနနာယက၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မစကူးလ်ဖောင်ဒေးရှင်းဗဟိုဥက္ကဋ္ဌ ဘဒ္ဒန္တပညာဝံသ ပျံလွန်တော်မူသည့် ဧပြီ ၁၈ ရက်မှ ဧပြီ ၂၆ ရက် နံနက် ၇ နာရီတိုင်း ဆွမ်းစဉ်ခြင်းကို ပြုလုပ်ခဲ့သည်။

ဆရာတော်ကြီးရုပ်ကလာပ်ကို ဧပြီ ၂၅ရက်က ယာဉ်စီးကျောင်းတော်မှ ဗဟိုစံကျောင်းတော်သို့ စံကျောင်းချအခမ်းအနား ကျင်းပခဲ့ပြီး မွန်းလွဲပိုင်းတွင် မန္တလေးချိုတူးအဖွဲ့က ဖယောင်ကျူးသည်။ ဧပြီ ၂၆ ရက် နံနက် ၇ နာရီ ဆွမ်းစဉ်အပြီးတွင် သရဏဂုံတင်အခမ်းအနားကျင်းပကာ မုံရွာဇင်မာအောင်အဖွဲ့က ဖယောင်ကျူး၍ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကင်းကျောင်းတိုက်မှ အဂ္ဂိစျာပနကွင်းသို့ ပင့်ဆောင်ကြသည်။

အဂ္ဂိစျာပနကွင်းတွင် ဥတုဇရုပ်ကလာပ်တော်ကို ညနေ ၅ နာရီခွဲ၌ အစီအစဉ်အတိုင်း မီးပူဇော်ခဲ့ကြပြီး ဧပြီ ၂၇ ရက် နံနက် ၆ နာရီတွင် ကြွင်းကျန်ရစ်သော အရိုးပြာကောက်ယူကာ ချင်းတွင်းမြစ်အတွင်း ဥဒကဝါဟန အရိုးပြာရေမျှောခဲ့ကြကြောင်း သိရသည်။

**(၃၉၄)**

## (၂၅)နှစ်ပြည့် ငွေရတုနှစ်ပတ်လည် အထိမ်းအမှတ်ပွဲတော် ကျင်းပမည်



**မန္တလေး ဧပြီ ၂၉**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း ရဲဘော်ကွက်သစ်ရပ်ကွက်ရှိ နိုင်ငံတော်အသိအမှတ်ပြု ပြည်လုံးချမ်းသာ လူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာကျောင်းတိုက်ကြီးကို ပဓာနနာယက သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသုမင်္ဂလ(မွှာစရိယBA)ပရဟိတ ဆရာတော်က ၂၀၀၀ ပြည့်နှစ်၊ မေ ၉ ရက်မှစ၍ တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ယနေ့ထိ နှစ်ပေါင်း ၂၅ နှစ်တိုင်တိုင် လူငယ်များ၏ဘဝ တိုးတက်ရေးနှင့်စောင့်ရှောက်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါကျောင်းတိုက် တည်ထောင်စဉ်မှစ၍ ဆရာတော်၏ ကြိုးပမ်းဆောင်ရွက်မှု ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင် ကုသိုလ်ရှင်များ၏ လှူဒါန်းမှုများဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ယနေ့အချိန်တွင် မိဘမဲ့တိုင်းရင်းသားကလေးငယ် ၂၀၀ ကျော်တို့အား စောင့်ရှောက်လျက်ရှိသည်။ သို့ဖြစ်၍ ကျောင်းတိုက်တည်ထောင်ခြင်း ၂၅ နှစ်ပြည့် ငွေရတုနှစ်ပတ်လည်အထိမ်းအမှတ်ပွဲတော်ကို မေ ၉ ရက်၊ သောကြာနေ့၊ နံနက် ၉ နာရီ၌ အဆိုပါကျောင်းတော်တွင် ကျင်းပသွားမည်ဖြစ်ရာ ကုသိုလ်ရှင်၊ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ကြွရောက်ချီးမြှင့်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်–၁)**



## ဖြူဟွစ်ရှိန်လူမှုကူညီရေးအသင်း(မန္တလေး)သို့ အလှူငွေများ လှူဒါန်း

**မန္တလေး ဧပြီ ၂၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြားရှိ ဖြူဟွစ်ရှိန်လူမှုကူညီရေးအသင်း(မန္တလေး)သို့ စေတနာရှင်များက အလှူငွေများ လှူဒါန်းလျက်ရှိရာ ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက် နေ ဦးအောင်ခိုင်ဇော်+ဒေါ်မြသွေး၊ (သမီး)မဆုလတ်ထက်၊ (သား)မောင်အာကာမင်းမြတ်(မိသားစု)တို့က နာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးကူညီမှု အလှူတော်ငွေကျပ်သိန်းတစ်ရာလှူဒါန်းရာ ဖြူဟွစ်ရှိန်လူမှုကူညီရေးအသင်း(မန္တလေး)မှ ဒုတိယဥက္ကဋ္ဌ(၂)(ကျန်းမာရေး) ဒေါက်တာနန်းတင်တင်ဌေး၊ တွဲဖက်အတွင်းရေးမှူး(ကျန်းမာရေး) ပါမောက္ခ ဒေါက်တာပြုံးပြုံးသန်းနှင့်တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ဖြူဟွစ်ရှိန်လူမှုကူညီရေးအသင်း(မန္တလေး)သို့ အလှူငွေများလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် အိမ်တိုင်ရာရောက် ကောက်ခံဆောင်ရွက်ပေးလျက်ရှိရာ မြန်မာ့စီးပွားရေးဘဏ်စာရင်းအမှတ်-SF ၀၀၁၆၈၃၊ G-Bank-၀၀၀၆၀၃ ၃၀၁၀၀၀၀၀၃၆၊ AYA Bank-၂၀၀၀၀၃၆၁၀၁၉(Old)၊ AYA Bank-၄၀၀၂၈၁၉၂၂၃၉(New)၊ KBZ-၀၄၁၃၀၄၀၄၁၀၁၄၈၁၂၀၁ နှင့် ဖုန်း ၀၉-၂၅၉၃၆၀၀၁၁၊ ၀၉-၂၅၉၃၆၀၀၂၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(၀၅၇)**

**အသက်သည် သွေး၊**
**သွေးသည် အသက် ။**

## ကုန်ဈေးနှုန်းတည်ငြိမ်ရေး စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေး ရှင်းလင်းဆွေးနွေး

**ပခုက္ကူ ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်အတွင်း ပြည်သူများ စားဝတ်နေရေးအဆင်ပြေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်စည်များ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြဇရာ(၁)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေလတ်က ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ကုန်စည်များ ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေး အသိပညာပေးရှင်းလင်းပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲကျော်စွာက ခရိုင်အတွင်းရှိ ကုန်စည်ပစ္စည်းသိုလှောင်ရုံများ၊ တည်ဆောက်ရေးပစ္စည်းဆိုင်များနှင့် အခြားစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ရည်ညွှန်းသတ်မှတ်ဈေးနှုန်းထက် မြှင့်တင်ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများမပြုလုပ်ရေး၊ ကုန်ပစ္စည်းများဖြန့်ဖြူးရောင်းချရာတွင် ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အကျိုးအမြတ်ရရှိရေးထက် ဈေးနှုန်းတည်ငြိမ်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးဝေဠုအောင်က ခရိုင်အတွင်း ကုန်စည်များ ပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမြင့်တက်မှုများမဖြစ်ပေါ်စေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးနေမှုများအကြောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကာ ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)**

**(၃၄၀)**

၀–၀–၀–၀–၀–၀

# စာပေပညာရှင်များ မမေ့အပ်သော ကမ္ဘာ့စာအုပ်နေ့

**နိဒါန်း**

ယခုနှစ် ၂၃ ရက်(အင်္ဂါနေ့)သည် (World Book Day) ကမ္ဘာ့စာအုပ်နေ့ ဖြစ်ပါသည်။ ယခုရောက်ရှိနေသည့် ၂၁ ရာစုနှစ်တွင် ကမ္ဘာ့လူဦးရေသည် သန်း ၈၀၀၀ ကျော်ရှိပြီး လွန်ခဲ့သောခြောက်နှစ်က ကမ္ဘာ၌ စာတတ်မြောက်သူ သန်း ၄၀၀၀ ခန့်ရှိပြီး သန်း ၃၀၀၀ ကျော်သည် စာမတတ်သူများဖြစ်သည်ဟု ပညာရှင်များ၏ ခန့်မှန်းချက်အရ သိရှိရပါသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် အသုံးပြုကြသည့် ဘာသာစကား ၆၈၀၀ ကျော်သည်ဟု သိရပါသည်။ ကုလသမဂ္ဂအဖွဲ့ချုပ်သည် အဖွဲ့ဝင် (၁၉၃)နိုင်ငံများနှင့် ဆက်သွယ်ရာတွင် ဘာသာစကား ခြောက်မျိုးဖြင့် အသုံးပြုပါသည်။ ၄င်းခြောက်မျိုးမှာ ၁။ အင်္ဂလိပ်၊ ၂။ ရုရှား၊ ၃။ တရုတ်၊ ၄။ စပိန်၊ ၅။ ပြင်သစ်၊ ၆။ အာရဗီတို့ ဖြစ်ကြပါသည်။


ဘာသာစာပေစကားများသည် လူမျိုးတိုင်း၏ ယဉ်ကျေးမှုပြယုဂ်ဖြစ်သကဲ့သို့ နိုင်ငံအသီးသီးတို့၏ ဥပမိရုပ်ဟု ဆိုနိုင်ပါသည်။ ဘာသာစာပေများ ပျောက်ကွယ်သွားလျှင် လူမျိုးပါ ကွယ်ပျောက်သွားနိုင်၍ နိုင်ငံဥပမိရုပ် တည်ရှိရှင်သန်စေရန် ပြည်သူအားလုံးတို့က အစဉ်ကြိုးပမ်းကြရမည်ဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးသည် ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ပွဲအပြီးတွင် ပေါ်ပေါက်ခဲ့သည်။ အစိုးရအဖွဲ့မဟုတ်သော (NGO) ပရဟိတအဖွဲ့ကြီး ဖြစ်ပါသည်။ နှစ်စဉ် အထွေထွေညီလာခံ အစည်းအဝေးများကို သတ်မှတ်သည့်ကာလတွင် ကျင်းပပါသည်။ ညီလာခံများ ကျင်းပရာတွင် ထူးခြားသည့်ဖြစ်စဉ်များရှိပါက တင်ပြဆွေးနွေးပြီး ဆုံးဖြတ်သင့်သည့် အထိမ်းအမှတ်များကို ပြဋ္ဌာန်းလေ့ရှိပါသည်။

အထိမ်းအမှတ်များ သတ်မှတ်ရာတွင် အကြောင်းအရာအမျိုးမျိုးရှိရာ ယခုတင်ပြသည့် ဆောင်းပါးသည် စာအုပ်၊ စာပေများနှင့် ဆက်စပ်သည့် အကြောင်းအရာအများမှ ထုတ်နုတ်ဖော်ပြမည်ဖြစ်ပါသည်။ ပြဋ္ဌာန်းရာတွင် နှစ်အလိုက်နှင့် လ၊ ရက်၊ နေ့များကို သတ်မှတ်ကြပါသည်။ ဥပမာ "နှစ်အလိုက် အထိမ်းအမှတ် ၁၉၇၂ ခုနှစ်ကို နိုင်ငံတကာစာအုပ်နှစ်၊ ၁၉၉၀ ပြည့်နှစ်ကို နိုင်ငံတကာ စာတတ်မြောက်ရေးနှစ်" ဖြစ်ပါသည်။ လနှင့် ရက်အလိုက် အထိမ်းအမှတ်များမှာ "ဧပြီလ ၂၃ ရက်ကို ကမ္ဘာ့စာအုပ်နေ့ (World Book Day)၊ မေလ ၃ ရက်ကို ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့၊ စက်တင်ဘာ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့များ" ဖြစ်ပါသည်။ အထိမ်းအမှတ်များကို အထွေထွေညီလာခံ အသီးသီးက သတ်မှတ်ပြဋ္ဌာန်းပါသည်။

**စာအုပ်စာပေအတွက် အဆိုအမိန့်များ**

ဤနေရာတွင် စာအုပ်၊ စာပေများနှင့်ဆက်စပ်သည့် အဆိုအမိန့်များကို ကောက်နုတ်ဖော်ပြလိုပါသည်။ အမှန်အားဖြင့် စာတစ်စောင်၊ ပေတစ်ဖွဲ့ ပြုစုရေးသားရသည်မှာ ကိုယ်တိုင်လက်တွေ့




ရင်ဆိုင်သည်အခါမှ မလွယ်ကူသည်ကို တွေ့ရသည်။ ထို့ကြောင့်ပင် စာရေးဆရာကြီး မောင်ဆုရှင်က "စာတစ်ပုဒ်ဖြစ်ဖို့ထက် စာတစ်အုပ်ဖြစ်ဖို့က ပိုခက်တယ်"ဟု ဆိုသည်ကို မှန်ကန်ကြောင်း သိရသည်။ ထို့ပြင် စာရေးဆရာကြီး ယန်းပေါ်ဆက်ကလည်း ကျွန်ုပ်တို့ကိုးကွယ်ရာသည် စာအုပ်များဖြစ်သည်။ စာအုပ်များ စုဝေးရောက်ရှိနေသော စာကြည့်တိုက်များသည် ကျွန်ုပ်တို့၏ဘုရားကျောင်းများဖြစ်သည်ဟု ဆိုထားသည်ကို လေ့လာမိသည်။

စာရေးဆရာကြီး ဂျော့လူးဝစ်(စ်)၏ အဆိုတွင်လည်း "စာကို ကောင်းကောင်းရေးမယ်ဆိုလျှင် ကောင်းကောင်းစဉ်းစားရမယ်။ ခံစားတတ်ရမယ်။ ကောင်းကောင်းတင်ပြတတ်ရမယ်။ အကြောင်းအရာတစ်ခုကို ရေးပြီဆိုတာနဲ့ အသိဉာဏ်၊ စိတ်ဓာတ်၊ အာရုံနဲ့ ရသခံစားမှုတွေကို တစ်ချိန်တည်းမှာ စုစည်းပိုင်ဆိုင်ထားရမယ်"ဟု ညွှန်းဆိုထားသည်။

**မြန်မာနိုင်ငံ၏ စာပေအစဉ်အလာများ**

မြန်မာနိုင်ငံသည် စာပေပညာနှင့်ဆက်စပ်၍ လွန်ခဲ့သည့် နှစ် ၁၀၀၀ ကျော်ကပင် အစဉ်အလာကြီးမားသော ဖွံ့ဖြိုးတိုးတက်မှုများ ရှိခဲ့သည်။ ထိုအခါက ယခုအခါလို စာအုပ်၊ စာပေများ မပေါ်သေးသော်လည်း မိမိတို့၏ဆောင်ရွက်ချက်များကို ခိုင်မာသော ကျောက်စာများတွင် ရေးထိုးခဲ့ကြသဖြင့် သမိုင်းတွင်ကျန်ရစ်နေခဲ့ကြပါသည်။ ဥပမာ - ပုဂံခေတ်တွင် ခိုင်မာသည့် ရာဇကုမာရ်ကျောက်စာ စိုက်ထူခဲ့ခြင်း ဖြစ်သည်။ ၄င်းကျောက်စာ၌ မျက်နှာလေးဘက်တွင် ဘာသာလေးမျိုးဖြစ်သည့် ပျူ၊ မြန်မာ၊ မွန်၊ ပါဠိတို့ဖြင့် ခိုင်မာစွာ ရေးထိုးခဲ့သည်။

ရာဇကုမာရ်ကျောက်စာကို ယူနက်စကိုအဖွဲ့က လာရောက်ကြည့်ရှုပြီး ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခဲ့ပြီးဖြစ်သည်။ ထို့ပြင် မန္တလေး၊ အောင်မြေသာစံမြို့နယ် ကုသိုလ်တော်ဘုရားပရဝုဏ်အတွင်းရှိ ကမ္ဘာ့အကြီးဆုံး စာအုပ်ဖြစ်သည့် ကျောက်စာတိုင်များကိုလည်း ၂၀၁၃ ခုနှစ် မေ ၈ ရက်တွင် ကမ္ဘာ့အမွေအနှစ်အဖြစ် ကမ္ပည်းကျောက်စာစိုက်ထူခဲ့သည်။

**မြန်မာနိုင်ငံတွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ထုတ်ဝေမှု**

မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၃ သန်းကျော်ရှိရာ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဧပြီလအထိ ထုတ်ဝေခဲ့သည့် သတင်းစာမျိုးစုံ ၂၁ မျိုး၊ စောင်ရေ နှစ်သိန်းထုတ်ဝေခဲ့ပြီး အပတ်စဉ် ဂျာနယ်မျိုးစုံထုတ်ဝေမှုမှာ ၂၅၀ ကျော်ဖြစ်ပြီး လစဉ်ထုတ်မဂ္ဂဇင်းမျိုးစုံအုပ်ရေ ၁၂၀ သာ ထုတ်ဝေနိုင်ခဲ့သည်ဟု လေ့လာသိရှိရသည်။ လူဦးရေပမာဏနှင့် နှိုင်းယှဉ်ပါက ထုတ်ဝေဖြန့်ချိမှုအားနည်းသည်ကို တွေ့ရှိရသည်။ ဤကဲ့သို့ဖြစ်သည်မှာလည်း IT, Internet နှင့် Facebook တို့ လွှမ်းမိုးနေရာယူထားခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

**နိုင်ငံတကာမှ စာတတ်မြောက်မှုအခြေအနေ**

စာအုပ်၊ စာစောင်များနှင့် သတင်းစာများ၏ အင်အားများသည် စာဖတ်ပရိသတ်များ စာပေတတ်မြောက်မှုအပေါ်တွင် အဓိကကျသည့်အတွက် နိုင်ငံအချို့၏ စာတတ်မြောက်မှုပမာဏကို ထုတ်နုတ်ဖော်ပြလိုပါသည်။

၂၀၁၁ ခုနှစ်အထိ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအရေအတွက်သည် ၁၉၃ နိုင်ငံဖြစ်သည်။ အဆိုပါနိုင်ငံများအနက် ရာခိုင်နှုန်းပြည့် စာတတ်မြောက်သည့်နိုင်ငံ ၁၀ နိုင်ငံရှိပြီး စာတတ်မြောက်မှု ၅၀ ရာခိုင်နှုန်း အောက်ရှိသည့်နိုင်ငံသည် ၂၀ ခန့်ရှိသည်။ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံ၏ ရာခိုင်နှုန်း အနည်းအများအလိုက် အမှတ်စဉ်(၆၈)နိုင်ငံမြောက် ဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုမှာ ယခုအချိန်တွင် ရာခိုင်နှုန်းအပြည့်နီးပါး ရှိနိုင်ပါသည်။ မိမိတို့နိုင်ငံ၏အောက်တွင် အဖွဲ့ဝင်နိုင်ငံ ၁၂၅ နိုင်ငံဖြစ်သည်ကို တွေ့ရသည်။

**မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဆောင်ရွက်မှုများ**

၂၁ ရာစုခေတ်သည် ICT,IT, Facebook, Viber, Internet စသည့် နည်းပညာများ ပေါ်ပေါက်ထွန်းကားလာသည့် ပညာခေတ် ဖြစ်သည်။ သို့ဖြစ်ရာ ခေတ်ရေစီးကြောင်းနှင့်အတူ လိုက်ပါနိုင်ရန် လိုအပ်လှသည်။

ထို့ကြောင့် အစဉ်လေ့လာသင်ယူနေကြရမည့် စာပေနည်းပညာများကို မျက်ခြည်မပြတ် အကောင်အထည်ဖော်၍ ယခုအခါတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းအဖွဲ့နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့သည် သတ်မှတ်ထားသည့် ရည်မှန်းချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဒေသအနှံ့သို့ သွားရောက်ကာ မြို့နယ်၊ ခရိုင်ဖွဲ့စည်းရေးလုပ်ငန်းများကို ဆောင်ရွက်နေသည်ဟု သိရသည်။ ဤသို့ဆောင်ရွက်ခြင်းသည် ကမ္ဘာတွင် မြန်မာနိုင်ငံရှိ ကျေးရွာတိုင်း၌ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့သည် ဆောင်ရွက်လျက်ရှိခြင်းပင် ဖြစ်သည်။

နိုင်ငံအနှံ့တွင် စာကြည့်သင်း၊ စာကြည့်တိုက်များကို တည်ထောင်ပေးခြင်းဖြင့် ပြည်သူ၊ ပြည်သားများသည် စာအုပ်မျိုးစုံကို ဖတ်ရှုလေ့လာပြီး အသိအမြင်များ ပိုမိုတိုးတက်ကာ လုပ်ငန်းများတွင် များစွာ အကူအညီရရှိမည်ဖြစ်ရာ စာကြည့်တိုက် အားလုံးသည် ၄င်းတို့အတွက် ငွေထားရှိရာဘဏ်တိုက်မဟုတ်သော်လည်း ဗဟုသုတ၊ အသိဉာဏ်များ ရရှိရာ ပညာဘဏ်တိုက်များပင် ဖြစ်သည်။

ထို့အပြင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ခံ ဦးစီးအရာရှိများသည် သက်ဆိုင်ရာမြို့နယ်၊ စာရေးဆရာအသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား ဖိတ်ကြား၍ ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆောင်ရွက်သည့် သတင်းများကို တွေ့ရှိရပါသည်။ (ဥပမာ - ကလေးများ စာဖတ်ရှိန်မြှင့်ရန် ခန်းမ၌ စာအုပ်ပြပွဲများ၊ ပန်းချီသင်တန်းများနှင့် Top Show ပွဲများ)

ကမ္ဘာ့နိုင်ငံအသီးသီးရှိ စာပေပညာရှင် စာရေးဆရာကြီးများသည် ခေတ်ရေစီးကြောင်းနှင့်အတူ စာပေများကို ပြုစုကြိုးပမ်းသုတေသနပြု၍ ထုတ်ဝေနေကြမည် ဖြစ်သည်။ နိုင်ငံအသီးသီးရှိ စာပေပညာရှင်များသည် မိမိတို့ဝါသနာအရ ရေးသားထုတ်ဝေနေကြမည်သာ ဖြစ်သည်။ သို့သော်လည်း စာဖတ်ပရိသတ်၏ အားပေးမှု အနည်းနှင့်အများ ရှိနိုင်ပါသည်။

အိန္ဒိယနိုင်ငံ၌ တစ်ချိန်က ရောင်းအားကောင်းခဲ့၍ အကောင်းဆုံး နံပါတ်(၁)စာအုပ်အမည်မှာ Where China and India meets, New Crossroads of Asia စာအုပ်ဟု သိရပါသည်။ အဆိုပါစာအုပ်ကို ပြုစုရေးသားသည့် စာရေးဆရာသည် ယခင်က ကမ္ဘာကုလသမဂ္ဂအဖွဲ့ချုပ်၌ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးသန့်၏မြေး ဒေါက်တာသန့်မြင့်ဦး ဖြစ်သည်ဟု သိရှိရသည်။

**နိဂုံး**

သို့ဖြစ်ရာ လူသားတို့၏ မျိုးဆက်သစ်တွင် ဘာသာစာပေသည် အရေးကြီးသော ယဉ်ကျေးမှုပြယုဂ်နှင့် နိုင်ငံ၏ ဥပမိရုပ်များဖြစ်ရာ အနာဂတ်ကာလတွင် ဆက်လက်ရှင်သန်နိုင်ရန် အဓိကဖြစ်သည်ကို အထူးဖော်ပြရန် မလိုအပ်ပါကြောင်း ကျွန်ုပ်တို့၏ဆောင်ပုဒ်ဖြစ်သော "အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်ကြပါစို့" ဟု တိုက်တွန်းအပ်ပါကြောင်း ဤဆောင်းပါးဖြင့် ရည်ညွှန်းလျက် ဧပြီလ ၂၃ ရက်နေ့တွင် ရောက်ရှိသည့် "ကမ္ဘာ့စာအုပ်နေ့"အား ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

**မောင်လှုလှ(ဇေယျာဦး)**

## We Love PANGLONG ဆိုင်းဘုတ်ဖွင့်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**ပင်လုံ ဧပြီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့ ရတနာကန်တော်အတွင်း We Love PANGLONG ဆိုင်းဘုတ်ဖွင့်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနား စတင်ဖွင့်လှစ်၍ We Love PANGLONG ဆိုင်းဘုတ်အား အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တပုညနန္ဒ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်နယ်မှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ၊



အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ပြီး ရတနာကန်တော်အတွင်းသို့ ငါးကြင်းရွှေဝါ အကောင်ရေ ၁၀၀၀ ကို ဇီဝိတဒါန လွှတ်လှူ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တပုညနန္ဒ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်နယ်မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်စည်ပင်သာယာရေးဦးစီးဌာနမှ ခရိုင်မှူး၊ မြို့နယ်မှူးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## လူထုအခြေပြုဗဟိုဌာနတွင် ရွှေဘိုသွေးစာဖတ်ဝိုင်း ကျင်းပ

**ရွှေဘို ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)တို့ ပူးပေါင်း၍ ရွှေဘိုသွေးစာဖတ်ဝိုင်းကို ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ရွှေဘိုမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဆရာအောင်ဘုန်းညိုက စာဖတ်ခြင်းသည် လူငယ်များ၏ အတွေးအမြင်နှင့် ဘဝကို ပိုမိုကျယ်ပြန့်စေကြောင်း၊ စာဖတ်ခြင်းသည် လူတွေ၏နှလုံးသားကို နွေးထွေးစေပြီး အမှန်တရားဆီ ဦးတည်စေသည့် လမ်းပြမီးအိမ်တစ်ခုဖြစ်ကြောင်းနှင့် စာဖတ်ဝိုင်းပြုလုပ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသော စာပေချစ်မြတ်နိုးသူများက ဆရာမယဉ်မင်းဟန်(ရွှေဘို) ရေးသားသော "ချစ်စရာနှုတ်ဖျားက သစ္စာစကားဆိုကြစို့" ဝတ္ထုတိုပါအကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။ (အောက်ပုံ)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွှေဘိုခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ပြည်သူများ အသိဉာဏ်ပညာ ဗဟုသုတများ တိုးပွားလာစေရန်နှင့် မျိုးဆက်သစ်လူငယ်များ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် စာဖတ်ဝိုင်းများနှင့် အသိပညာပေးဆွေးနွေးပွဲများကို လစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်

**ပွင့်ဖြူ ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်တောင်သူများ နွေသီးနှံစိုက်ပျိုးရာသီချိန် ရေသွင်းနှမ်း အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် ယမန်နေ့က မြို့နယ်တောင်သူဖွံ့ဖြိုးရေးအဖွဲ့(TFDA)က စိုက်ပျိုးရေးသွင်းအားစုများ သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့သည်။

ထိုသို့ စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးနိုင်ရန် နန်းထက်မြန်မာ စိုက်ပျိုးရေးကုမ္ပဏီက တို့ကျေးလက်စိုက်ပျိုးရေးသုံးဆေးများဖြစ်သော ဘိုင်အိုကောင်း၊ ဘိုင်အိုထရိုင်ကို၊ ဘိုင်အိုဘက်စီလပ် စိုက်ပျိုးရေးသုံးဆေးဘူးများကို ထောက်ပံ့လှူဒါန်းပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါစိုက်ပျိုးရေး သွင်းအားစုများကို မြို့နယ်တောင်သူဖွံ့ဖြိုးရေးအဖွဲ့(TFDA)မှ တာဝန်ရှိသူများနှင့်အဖွဲ့ဝင်များက မုန်းဇလဲကျေးရွာသို့ သွားရောက်၍ မီးဘေးသင့်တောင်သူ ၁၄၂ ဦးကို တွေ့ဆုံအားပေး စကားများ ပြောကြားကာ ရေသွင်းနှမ်း အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန်အတွက် တောင်သူတစ်ဦးလျှင် သုံးမျိုးတွဲ စိုက်ပျိုးရေးဆေး တစ်စုံစီနှုန်းဖြင့် စုစုပေါင်း စိုက်ပျိုးရေးသွင်းအားစု ၄၈၁ စုံကို ထောက်ပံ့ပေးအပ်ခဲ့သည်။ (အောက်ပုံ)



ပွင့်ဖြူမြို့နယ်၊ မုန်းဇလဲကျေးရွာတွင် ယခုနှစ် မတ် ၁၂ ရက်က ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကျေးရွာရှိ အိမ်ခြေ ၄၅၀၊ အိမ်ထောင်စု ၄၇၀ ရှိသည့်အနက် အိမ်ခြေ ၃၆၀ မီးလောင်ဆုံးရှုံးခဲ့ကာ အိမ်ထောင်စု ၃၇၂ စု၊ လူဦးရေ ၁၄၄၅ ဦး မီးဘေးဒဏ်သင့်ခဲ့ရပြီး အဆိုပါကျေးရွာရှိ မီးဘေးသင့်ပြည်သူများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များ စုပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သော စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းနှင့် စိုက်ပျိုးရေးသုံးဆေးဝါးများကို ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

(၄၄၅)

## ကျေးရွာရှစ်ရွာတွင် မိုးကြိုပဲတီစိမ်း ၂၀၁၁ ဧက လျာထား စိုက်ပျိုး

**ကျောက်ဆည် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်းပဲမျိုးစုံ ဖူလုံပိုလျှံရေး ပဲသီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ သင်းတွဲစိုက်ပျိုးရေး နည်းပညာပေးရှေ့တန်းစခန်းတွင် မိုးကြိုပဲတီစိမ်း ၂၀၁၁ ဧက လျာထားစိုက်ပျိုးလျက်ရှိသည်။

သင်းတွဲစိုက်ပျိုးရေး နည်းပညာပေး ရှေ့တန်းစခန်းတွင် ကျေးရွာ အုပ်စုပေါင်း(၁၄)အုပ်စုရှိပြီး မိုးကြိုပဲတီစိမ်းသီးနှံများကို ရှမ်းတောင်ဦးကျေးရွာအုပ်စုတွင် ၃၇ဧက၊ ပုထိုးနီကျေးရွာအုပ်စုတွင် ရှစ်ဧက၊ ကုလားကျောင်းကျေးရွာအုပ်စုတွင် ၇၆ ဧက၊ ၄က္ကတောင်ကျေးရွာအုပ်စုတွင် ၉၆ ဧက၊ ထန်းဇင်တော်ကျေးရွာအုပ်စုတွင် ၅၅ ဧက၊ အရှေ့ငယ်တိုးကျေးရွာအုပ်စုတွင် ၆၅ ဧက၊ ရွှေဒါးကျေးရွာအုပ်စုတွင် ၄၂၂ ဧက၊ ရဲဘော်ကြီးကျေးရွာအုပ်စုတွင် ၆၅၈ ဧက၊ စုစုပေါင်း ၂၀၁၁ဧက စိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် မိုးကြိုသီးနှံများကို စိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်း ခြောက်ခုတွင် ၃၄၆၉ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး မိုးကြိုသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေပေးမြောင်းများအလိုက် စိုက်ပျိုးရေများ လုံလောက်စွာ အလှည့်ကျစနစ် ဖြင့်စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

**စုစုအေး(ကျောက်ဆည်)**



## မိုးသီးနှံစိုက်ပျိုးရန် လယ်ယာမြေများ ထယ်ရေး၊ ထွန်ရေး ကြိုတင်ပြင်ဆင်


**ကျွန်းလှ ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် မိုးသီးနှံ၊ ဆောင်းသီးနှံနှင့် နွေသီးနှံများ စိုက်ပျိုးကြရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရန်အတွက် လယ်ယာမြေများ ထယ်ရေး၊ ထွန်ရေးကြိုတင် ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်ပါတယ်။ အခုအခါ မိုးရွာသွန်းပြီးကာစ မြေအစိုဓာတ်ရှိချိန် မိုးသီးနှံစိုက်ပျိုးဖို့ လယ်ယာမြေများကို ထယ်ရေး၊ ထွန်ရေး ပြင်ဆင်နေကြပါတယ်။ နောက်တစ်ကြိမ် မိုးရွာသွန်းတာနဲ့ မိုးသီးနှံဖြစ်တဲ့ မြေပဲ၊ အစေ့ထုတ်ပြောင်း၊ ပဲစင်းငုံ စတဲ့ သီးနှံတွေ စတင်စိုက်ပျိုးမှာဖြစ်ပါတယ်"ဟု မန်ကျီးအင်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။



ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး၊ ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်မျိုးစုံနှင့် အခြားသီးနှံမျိုးစုံ စိုက်ပျိုးကြမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (ဝဲပုံ) (၄၈၀)



## ကုန်သွယ်ရေးတိုးမြှင့်ရန်နှင့် စည်းမျဉ်းများ ထိန်းသိမ်းရန် ဂျပန်နှင့် ဗီယက်နမ်နှစ်နိုင်ငံအကြား သဘောတူညီခဲ့

**တိုကျို ဧပြီ ၂၉**

ဂျပန်နှင့် ဗီယက်နမ်နှစ်နိုင်ငံ အကြား ကုန်သွယ်ရေးတိုးမြှင့်ရန် နှင့် ကုန်စည်လွတ်လပ်စွာစီးဆင်း မှုဆိုင်ရာ ကမ္ဘာ့စည်းမျဉ်းများ ကို ထိန်းသိမ်းရန် ယမန်နေ့က သဘောတူညီခဲ့ကြောင်း စီအင်န် အိုင်သတင်းဌာနက ဖော်ပြသည်။

ဂျပန်ဝန်ကြီးချုပ် ရှိဂေးရုအိ ရှိဘာသည် ဟန်နွိုင်းမြို့သို့ အလည် အပတ်ရောက်ရှိကာ ဗီယက်နမ် ခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံစလုံးသည် ဝါရှင်တန်နှင့် အကောက်ခွန်များရှောင်ရန် ဆွေး နွေးလျက်ရှိသည်။

အမေရိကန်၏ ပြင်းထန်သော အကောက်ခွန်ခြိမ်းခြောက်မှုကြောင့် ကမ္ဘာ့ကုန်သွယ်ရေး မတည်ငြိမ်မှု မြင့်တက်နေချိန် အိရှိဘာ၏ ပထမဆုံးဗီယက်နမ် ခရီးစဉ်နှင့် ဧပြီ ၂၉ ရက်တွင် ဖိလစ်ပိုင်သို့ ၎င်းသွားရောက်မည့် ခရီးစဉ်များအတွင်း အရှေ့အာရှ အဆင့်မြင့် အစည်းအဝေးများ ကျင်းပရန် စီစဉ်ခဲ့သည်။

"ကမ္ဘာ့စီးပွားရေးသည် ပိုမို မတည်မငြိမ်ဖြစ်လာနေပြီး အရှေ့ တောင် အာရှဒေသတွင်လည်း ၎င်း၏သက်ရောက်မှုများ ထင် ရှားလာနေသည်" ဟု အိရှိဘာက ဗီယက်နမ်ဝန်ကြီးချုပ် ချင်းနှင့် တွေ့ဆုံပြီးနောက် သတင်းထောက် များအား ပြောကြားခဲ့ကြောင်း သိရ သည်။ **Mon**



တရုတ်နိုင်ငံ၏ ဒုတိယမြောက် ပြည်တွင်း၌ တည်ဆောက်သည့် ခရီးသည်တင်သင်္ဘောအကြီးစား "အဒိုရာဖလိုရာစီတီ"ကို ရှန်ဟိုင်း ဝိုင်ကာအိုကျိုအော် သင်္ဘောကျင်းတွင် ယမန်နေ့က ရေဖျန်းသန့်စင်ပေးနေစဉ်။ **Mon**

## မာ့ခ်ရိုသ်ကို၏ ဒေါ်လာသန်းနှင့်ချီတန်ဖိုးရှိသော ပန်းချီကား ရော့တာဒမ်မြို့ပြခန်း၌ ကလေးတစ်ဦးကြောင့် ပျက်စီးခဲ့ရ



**အမ်စတာဒမ် ဧပြီ ၂၉**

နယ်သာလန်နိုင်ငံ ရော့တာ ဒမ်မြို့ရှိ ပြခန်းတစ်ခု၌ အမေ ရိကန်အနုပညာရှင် မာ့ခ်ရိုသ်ကို၏ ဒေါ်လာသန်းနှင့်ချီတန်ဖိုးရှိသော ပန်းချီကားတစ်ချပ် ကလေးတစ် ဦးကြောင့် ယမန်နေ့က ပျက်စီး ခဲ့ရကြောင်း ဘီဘီစီသတင်းဌာန က ဖော်ပြသည်။

ထိခိုက်ပျက်စီးသွားသော ပန်းချီကားထိန်းသိမ်းရေးအတွက် ဆက်လက်လုပ်ဆောင်ရမည့် အချက်များကို စဉ်းစားနေကြောင်း ထိုပြတိုက်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ရှင်းလင်းပြောကြား သည်။

လွန်ခဲ့သောအပတ်က ဂရု မစိုက်မိသောအချိန်တွင် အဆိုပါ ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

အပေါ်ယံမျက်နှာပြင်တွင်သာ ပျက်စီးခဲ့ခြင်းဖြစ်ပြီး ပန်းချီကား၏အောက်ပိုင်းရှိ အရောင် မသုတ်ထားသောအလွှာတွင် ခြစ်ရာများကို မြင်နိုင်သည်ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

အဒေးသတင်းစာအရ အဆိုပါပန်းချီကားသည် ယူရို သန်း ၅၀ အထိ တန်ဖိုးရှိကြောင်း သိရသည်။ **Mon**

## လူဝင်မှုကြီးကြပ်ရေး မူဝါဒများကို ဖီဆန်သည့် "ခိုလှုံရာမြို့များ"အပေါ် တင်းကျပ်စွာ အရေးယူမည်ဟု အိမ်ဖြူတော်က ထုတ်ပြန်ကြေညာ

**ဝါရှင်တန် ဧပြီ ၂၉**

သမ္မတဒေါ်နယ်လ်ထရမ့်၏ တင်းမာလှသည့် လူဝင်မှုကြီး ကြပ်ရေး မူဝါဒများကို ဖီဆန် သည့် "ခိုလှုံရာမြို့များ"အပေါ် တင်းကျပ်စွာ အရေးယူမည်ဟု အိမ်ဖြူတော်က ဧပြီ ၂၈ ရက် တွင် ကြေညာခဲ့ကြောင်း စီအင်န် အိုင် သတင်းဌာနက ဖော်ပြသည်။

၎င်းသမ္မတတာဝန်ထမ်း ဆောင်ပြီး ပထမရက် ၁၀၀ နီး ကပ်လာချိန်တွင် ထိုသို့ကြေညာ လိုက်ခြင်းဖြစ်သည်။

အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် "အမေရိကန်အသိုင်းအဝိုင်းများ ကို ရာဇဝတ်မှုကျူးလွန်သည့် နိုင်ငံခြားသားများမှ ကာကွယ်



ရန် ကြိုးပမ်းမှုများကို ဟန့်တား သည်ဟု စွပ်စွဲခံရသည့် မြို့များ" အမည်တပ်ကာ ရှုတ်ချမည်ဟု ထရမ့်၏ ပြောရေးဆိုခွင့်ရှိသူ ကရိုလိုင်းလီဗင်းက ပြောကြား သည်။

အုပ်ချုပ်ရေးအမိန့်တစ်ရပ်ကို မကြာမီ ထရမ့်လက်မှတ်ရေး ထိုးမည်ဖြစ်ပြီး "ဖက်ဒရယ် လူဝင်မှုကြီးကြပ်ရေး ဥပဒေများ အကောင်အထည်ဖော်ခြင်းကို ဟန့်တားသည့် နယ်မြေများ" စာရင်းထုတ်ပြန်ရန် အရာရှိ များကို ညွှန်ကြားမည်ဟု ဆို သည်။

ထိုကြေညာချက်သည် မက္ကဆီ ကိုမှ တရားမဝင်နယ်စပ်ဖြတ် ကျော်မှုကို ဟန့်တားရန် ရွေး ကောက်ပွဲ ကတိကဝတ်များကို ထမ်းဆောင်ရာတွင် အဓိကတိုး တက်မှုများကို သမ္မတဒေါ်နယ်လ် ထရမ့် ချပြရတော့မည့်အချိန် တွင် ထွက်ပေါ်လာခြင်းဖြစ် ကြောင်း သိရသည်။ **Mon**



## စပိန်၊ ပေါ်တူဂီနှင့် ပြင်သစ် သုံးနိုင်ငံရှိ ဒေသအချို့တွင် ယမန်နေ့က လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် အခက်တွေ့

**မက်ဒရစ် ဧပြီ ၂၉**

စပိန်၊ ပေါ်တူဂီနှင့် ပြင်သစ် သုံးနိုင်ငံရှိ ဒေသအချို့တွင် ယမန် နေ့က လျှပ်စစ်ဓာတ်အား ပြတ် တောက်မှုကြောင့် လူသန်းပေါင်း များစွာ အခက်တွေ့ခဲ့ရပြီး ရှုပ် ထွေးမှုများနှင့် ကျယ်ပြန့်သော အကျပ်အတည်းများ ဖြစ်ပေါ်စေ ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပြင်သစ်နှင့် စပိန်နှစ်နိုင်ငံ အကြားရှိ ဓာတ်အားချိတ်ဆက် မှုပြဿနာတစ်ခုကြောင့် ထိုကဲ့သို့ လျှပ်စစ်ဓာတ်အား အခက်ကြုံ စေခြင်းဖြစ်နိုင်ကြောင်း ဥရောပ လျှပ်စစ်ဓာတ်အားလုပ်ငန်းကို ကိုယ်စားပြုသော ကုန်သွယ်ရေး အဖွဲ့အစည်းတစ်ခု၏ ခေါင်း ဆောင် ခရစ်စတီနာရူဘီက ရှင်း လင်းပြောကြားသည်။

သို့ရာတွင် ယင်းပြဿနာ တစ်ခုတည်းကြောင့် ဓာတ်အား ပြတ်တောက်မှုဖြစ်နိုင်ခြေမရှိဟု လည်း ထည့်သွင်းပြောကြားခဲ့ပြီး အဆိုပါဖြစ်ရပ်တွင် အခြားအချက် များလည်း ပါဝင်နိုင်သည်ဟု ရူဘီက သုံးသပ်သည်။

ထိုအကျပ်အတည်း ကြုံ တွေ့သောနေ့တွင် ဒေသအချို့၌ ခရီးသည်တင်မီးရထားများ ပြေး ဆွဲမှု ရပ်ဆိုင်းခဲ့ပြီး လေဆိပ်များ တွင် နှောင့်နှေးမှုများ မြင့်တက် လာခဲ့ကာ ယာဉ်ကြောအချက် ပြမီးများလည်း ပျက်ခဲ့ကြောင်း သိရသည်။ **Mon**

## အီရန်နိုင်ငံ ဘန်ဒါအက်ဘတ်စ်တွင်ဖြစ်ပွားသော မီးလောင်မှု၌ လူပေါင်း ၇၀ ကျော်သေဆုံးပြီး ၁၀၀၀ ဦးကျော် ဒဏ်ရာရရှိခဲ့

**တီဟီရန် ဧပြီ ၂၉**

အီရန်နိုင်ငံ၏ အကြီးဆုံး ဆိပ်ကမ်းမြို့ဖြစ်သော ဘန်ဒါ အက်ဘတ်စ်တွင် ယမန်နေ့က ဖြစ်ပွားသော မီးလောင်မှု၌ လူပေါင်း ၇၀ ကျော်သေဆုံး၍ ၁၀၀၀ ဦးကျော် ဒဏ်ရာရရှိခဲ့ပြီး ပြင်းထန်သောပေါက်ကွဲမှုကြီး ဖြစ်ကာ နှစ်ရက်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း စီအင်န် အင်န်သတင်းဌာနက ဖော်ပြ သည်။

ဒဏ်ရာရသူများအနက် ၁၂၀ ဦးသာ ဆေးရုံတွင် ဆက်လက် တက်ရောက်ကုသမှုခံယူနေရ ကြောင်း သက်ဆိုင်ရာဒေသသို့ သွားရောက်ခဲ့သော ပြည်ထဲရေး ဝန်ကြီး အက်စကန်ဒါမိုမေနီ နိုင်ငံပိုင်ရုပ်မြင်သံကြားသို့ ထုတ် ဖော်ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုသည် အီရန်နိုင်ငံတောင်ပိုင်း ရှာဟစ်ရာ ဂျေးဆိပ်ကမ်း၌ ယခင်အပတ် နှောင်းပိုင်းက ဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ ရေနံစီးဆင်းမှု၏ ငါးပုံတစ်ပုံ ဖြတ်သန်းရာ မဟာဗျူဟာကျ သောဟော်မုဇ်ရေလက်ကြားအနီး တွင် တည်ရှိကြောင်း သိရသည်။ **Mon**

**0-0-0-0-0**






## တောင်ကိုရီးယားနိုင်ငံ ဒေးဂူမြို့မှ ဒေသခံတစ်ထောင်ကျော်ကို မီးဘေးအန္တရာယ်ကြောင့် သက်ဆိုင်ရာက ရွှေ့ပြောင်းစေခဲ့

**ဆိုးလ် ဧပြီ ၂၉**

တောင်ကိုရီးယားနိုင်ငံ ဒေးဂူ မြို့မှ ဒေသခံတစ်ထောင်ကျော် ကို ယမန်နေ့က မီးဘေးအန္တရာယ် ကြောင့် သက်ဆိုင်ရာက ရွှေ့ ပြောင်းစေခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

ဧပြီ ၂၈ ရက် တွင် ပြင်းထန် သော လေတိုက်ခတ်မှုကြောင့် တောမီးလောင်မှုဖြစ်ပွားကာ မီးကူးစက်တောက်လောင်မည်ကို စိုးရိမ်ရသဖြင့် ဒေသတွင်းရှိ မော် တော်ကားလမ်းမကြီးတစ်ခုကို ပိတ်ခဲ့ရသည်။

ကိုရီးယား သစ်တောလုပ် ငန်းအဖွဲ့၏ ထုတ်ပြန်ချက်အရ ထိုတောမီးလောင်မှုသည် ဒေသစံ တော်ချိန် မွန်းလွဲ ၂ နာရီခန့်တွင် စတင်ခဲ့ပြီး ပြင်းထန်သော လေ တိုက်ခတ်မှုများကြောင့် နှစ်နာရီ အတွင်း ဟက်တာ ၅၀ ခန့်အထိ ပျံ့နှံ့ခဲ့သည်။

ဆိုးလ်မြို့တော်၏ အရှေ့ တောင်ဘက် ၂၃၃ ကီလိုမီတာ အကွာတွင် တည်ရှိသော ဒေးဂူ မြို့အနီးတွင် ဖြစ်ပွားနေသော ယင်းတောမီးကြောင့် ယခုအချိန် အထိ လူသေဆုံးမှုမရှိကြောင်း သိရသည်။ **Mon**

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## BTS မှ V @ Kim Taehyung ၏ STD သင်တန်းပြီးဆုံး၍ သူငယ်ချင်းက ချီးကျူးထား



BTS အဖွဲ့ဝင် V (ခေါ်) Kim Taehyung သည် ကိုယ်ကာယရေး စိတ်ပိုင်းဆိုင်ရာပါ အရည်အချင်းပြည့်မီ၍ ခက်ခဲအကြမ်းတမ်းဆုံး STD သင်တန်းတက်ခဲ့ရာမှ တာဝန်ပြီးဆုံးသွား၍ သူငယ်ချင်းတစ်ဦးက ချီးကျူးထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါသူငယ်ချင်းက စာရှည်ရေး၍ ချီးကျူးထားရာ သင်တန်းကာလတွင် ကျေးဇူးတင်စရာများ၍ စကားလုံးနှင့် ဖော်ပြ၍မရကြောင်း၊ ခန္ဓာကိုယ်တွင် ဒဏ်ရာများစွာကြားမှ Full Shot-markman အဆင့်(၁)ရခဲ့သည့်အပြင် စံပြတိုက်ခိုက်ခြင်းဆုကိုပါရ၍ အတုယူခဲ့ရကြောင်း၊ ကိုယ်ကာယကြံ့ခိုင်မှု စစ်ဆေးသည့် သုံးကီလိုမီတာပြေးပွဲတွင် အထူးအတန်းထက် စံချိန်ချိုးနိုင်အောင် အားပေးခဲ့ကြောင်း၊ အစ်ကိုလှူထားပေးသည့် လေ့ကျင့်ခန်းကိရိယာများကြောင့် မိုးရွာရွာ၊ နှင်းကျကျ လေ့ကျင့်ခန်း လုပ်နိုင်ခဲ့ကြောင်း၊ အရသာရှိသော အစားအစာများဝယ်ကျွေးပြီး စိတ်အားထက်သန်မှုပြပေးခဲ့၍ အိပ်မက်နောက် လိုက်နိုင်ခဲ့ကြောင်း စသည့် ချီးကျူးစာရေးသားထားသည်။ (SKY)

## Lee Do Hyun ကို Hotel Del Luna-2 အတွက် ရွေးချယ်ခံရ



လရောင်ဆမ်းမှ ပွင့်မယ့်ပန်း Hotel Del Luna အပိုင်း(၂)တွင် မင်းသား Kim Soo Hyun နေရာတွင် Lee Do Hyun ကို ရွေးချယ်ထားကြောင်း ကိုရီးယား ဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကား ပထမပိုင်းတွင် အချစ်ဦးကို နှစ်တစ်ထောင်စောင့်ပြီးမှ အခြားတစ်ယောက်ကို ချစ်မိသွားသည့် ဟိုတယ်ပိုင်ရှင် ဘဝမှ ကျွတ်ခါနီးအချိန် ဧည့်သည်သရုပ်ဆောင် Kim Soo Hyun က ဟိုတယ်ပိုင်ရှင်အသစ်အဖြစ်ဝင် ရောက်လာခဲ့သည်။

ပရိသတ်များ တောင်းဆိုချက်အရ အပိုင်း(၂)ကို စာရေးဆရာမက ဆက်လက်ဖန်တီးခဲ့ရာ လက်ရှိပြဿနာများကြောင့် Kim Soo Hyun နေရာတွင် Lee Do Hyun ကို ရွေးချယ်ခဲ့ပြီး ရိုက်ကူးရေးလုပ်ခဲ့ရာ ချစ်သူကို မကာကွယ်ပေးနိုင်၍ ပိုးစုန်းကြူးဘဝနှင့် နှစ်ပေါင်းတစ်ထောင်ကြာရှိနေမည့် အမျိုးသားအကြောင်း ဖြစ်သည်။

(SKY)


## Jung Kook ၏ Solo World Tour အောက်တိုဘာလတွင် သုံးနိုင်ငံအတွက် ပြင်ဆင်

BTS အဖွဲ့ဝင် Jung Kook ၏ Solo World Tour ကို သုံးနိုင်ငံဖြစ်သည့် ကိုရီးယား၊ ဂျပန်၊ ထိုင်းနိုင်ငံတွင် ပြုလုပ်မည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jung Kook သည် ဇွန် ၁၁ ရက်တွင် သင်တန်းပြီးဆုံးမည်ဖြစ်၍ ဒုတိယမြောက် အယ်လ်ဘမ်သစ် ထွက်ရှိလာမည်ဖြစ်ပြီး အောက်တိုဘာလတွင်စ၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအထိ Solo World Tour လုပ်မည်ဟု သတင်းထွက်ရှိလာသည်။

ကိုရီးယား၊ ဂျပန်၊ ထိုင်း သုံးနိုင်ငံအပြင် လူပေါင်း ခြောက်သောင်းကျော်ဆံ့သည့် Mexico Estadio GNP Seguros တွင်လည်း ဖျော်ဖြေပွဲပြုလုပ်မည်ဟူသော သတင်းကိုပါ ထုတ်ပြန်ထားသည်။

(SKY)




## Dylan Wang က PAAA ရုပ်ရှင်ကားကြီးနှင့် LTTN စီးရီးအတွက် ပရိုမိုးရှင်း ပြုလုပ်



တရုတ်အနုပညာရှင် Dylan Wang (ခေါ်) Wang Hedi ပါဝင်ထားသည့် PAAA ရုပ်ရှင်ကားကြီးနှင့် LTTN စီးရီးအတွက် မြို့ကြီးများ၏ ရှော့ပင်းမောလ်များတွင် ပရိုမိုးရှင်း ပြုလုပ်နေပြီဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပရိုမိုးရှင်းပြုလုပ်နေမှုကို Dylan Wang (ခေါ်) Wang Hedi ၏ အမာခံပရိသတ် ဒီတင်းနံက သိရှိသွား၍ အားပေးမှုမြင့်မားစွာ ရရှိခဲ့သည်။

Dylan Wang (ခေါ်) Wang Hedi က သူ့ပရိသတ်၏ ကြိုးစားမှုကြောင့် နွေးထွေးပျော်ရွှင်ခဲ့ရကြောင်း၊ ပြန်လည်၍ လက်ဆောင်များ ပေးရန်လည်း ပြင်ဆင်ထားကြောင်း ထုတ်ဖော်ပြောကြားထားသည်။

(SKY)

## Ask Me What You Want အချစ်ကို ရှာဖွေတွေ့ရှိသွားသည့် ဇာတ်လမ်းဖြစ်

၂၀၂၄ခုနှစ်တွင် ထွက်ရှိထားသည့် Ask Me What You Want ရုပ်ရှင်တွင် ချောမောလှပသည့် မိန်းကလေးတစ်ဦး အချစ်ကို ရှာဖွေတွေ့ရှိထားသည့်အကြောင်း ရိုတေးရှင်း ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် မချစ်တတ်သည့် သူဌေးသားလေးနှင့် အချစ်ငတ်နေသည့် မိန်းကလေးတို့နှစ်ဦး တွေ့ဆုံခဲ့ကြပုံကို လှပသောရိုက်ချက်များနှင့် တင်ပြထားသည်။

ကုမ္ပဏီကြီးတစ်ခုမှ အမွေဆက်ခံထားသည့် သူဌေးသားနှင့် ကုမ္ပဏီဝန်ထမ်းမလေးတို့နှစ်ဦး မထင်မှတ်ဘဲ တွေ့ဆုံခဲ့ကြပြီး အပြာရောင်အချစ်ညများကို အပြာရောင် မျက်ရည်များနှင့် ဖြတ်သန်းခဲ့ကြပုံကို ဖော်ပြထားရာ စပိန်ကား ကြိုက်နှစ်သက်ကြသည့် ပရိသတ်များအတွက် အကြိုက်တွေ့ခဲ့ကြသည့် ရုပ်ရှင်ဖြစ်သည်။

(SKY)



## ကာကေယာအစ မှန်းဆချက်ပုစ္ဆာကို အောင်မြင်စွာ တွက်ချက်ဖြေရှင်းနိုင်

နယူးယောက်တက္ကသိုလ်နှင့် ဗြိတိသျှကိုလမ်ဘီယာတက္ကသိုလ်မှ သင်္ချာပါမောက္ခများသည် ကာကေယာအစ မှန်းဆချက်ပုစ္ဆာကို မကြာသေးမီက အောင်မြင်စွာ တွက်ချက်ဖြေရှင်းနိုင်ခဲ့သည်။

ထိုသင်္ချာပညာရှင်များသည် လူသိများသော ရှည်လျားသည့် အဆိုပါဂျီသြမေတြီပုစ္ဆာတစ်ပုဒ်ကို သုံးဘက်မြင် ဟင်းလင်းနယ်ထဲတွင် ဖြေရှင်းနိုင်ခဲ့သည်။ ယင်းအဆိုကြမ်းသည် အာကာသတစ်ခုအတွင်း၌ အပ်တစ်ချောင်း(သို့မဟုတ်)မျဉ်းတစ်ကြောင်းအား လားရာအားလုံးသို့ လှည့်နိုင်ရန် လိုအပ်သော အနည်းဆုံးနေရာကို လေ့လာထားခြင်း ဖြစ်သည်။

အဆိုပါအယူအဆသည် ၁၉၁၇ ခုနှစ်တွင် ဂျပန်သင်္ချာပညာရှင် ဆောအိချိကကေယာမေးခဲ့သော မေးခွန်းတစ်ခုမှ စတင်ခဲ့သည်။ မည်သည့်ဧရိယာအနည်းဆုံးတွင် အပ်တစ်ချောင်းကို ၁၈၀ ဒီဂရီ လှည့်ပတ်နိုင်သနည်းဟု မေးခွန်းထုတ်ခဲ့ခြင်း ဖြစ်သည်။

ထိုမေးခွန်းပုစ္ဆာကို တွဲဖက်ပါမောက္ခ ဟောင်ဝမ်နှင့် တွဲဖက်ပါမောက္ခ ဂျိုရှုဝါဇားလ်တို့နှစ်ဦးက လတ်တလောတင်ထားသော စာတမ်းတစ်စောင်တွင် အနီးစပ်ဆုံးအဖြေထွက်အောင် တွက်ချက်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Zhou Haimei က TVB နှင့် အနုပညာလောကသို့ စတင်ခဲ့ပြီး နှုတ်ဆက်ထွက်ခွာသွား



ဟောင်ကောင်အဆိုတော်၊ သရုပ်ဆောင် Zhou Haimei သည် တော်ဝင်မျိုးဆက်မှ ဆင်းသက်လာကာ TVB နှင့် စာချုပ်ချုပ်၍ အနုပညာလောကသို့ ရောက်ရှိခဲ့ပြီး ဟောင်ကောင်၏ အကျော်ကြားဆုံးမင်းသမီးဖြစ်ခဲ့ရာမှ အနုပညာလောကကို နှုတ်ဆက်ထွက်ခွာသွားခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Zhou Haimei ၏ ဘိုးဘေးတို့မှာ ချင်မင်းဆက်အတွင်း ကွမ်တုန်းဒေသဆိုင်ရာ အရာရှိများဖြစ်၍ တော်ဝင်မျိုးဆက်မှ ဆင်းသက်လာကာ ၁၉၈၅ ခုနှစ် Miss ပြိုင်ပွဲဝင်ပြီး TVB နှင့် စာချုပ်ချုပ်၍ အနုပညာလောကသို့ ဝင်ရောက်လာခဲ့သည်။

၁၉၉၀ မှ ၁၉၉၃ ခုနှစ်အထိ ဟောင်ကောင်၏ အကျော်ကြားဆုံး မင်းသမီးဖြစ်ခဲ့ကာ ၁၉၉၂ ခုနှစ်တွင် ကားမတော်တဆမှုဖြစ်ခဲ့ပြီးနောက် ၁၉၉၄ ခုနှစ်တွင် နဂါးနိုင်ဓားနှင့် ထပ်မံကျော်ကြားခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် Charmaine Sheholupus Erhythematosus ရောဂါဖြစ်နေကြောင်း သိရပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် ဆေးကုသရင်း ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်၌ အသက်(၅၇)နှစ်ရှိပြီဖြစ်သည်။ (SKY)



## Hole in One (တစ်ချက်တည်း ကျင်းဝင်)

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံဂေါက်ကွင်းတွင်(၂၅-၃-၂၀၂၅)ရက်နေ့၌ ဦးမျိုးအောင်ဆန်း(ဘ)ဦးဘဌေးသည် အတူကစားဖော်များဖြစ်ကြသော ဦးကိုစိုင်း၊ ဦးအောင်လှ၊ ဦးကိုရွှေ၊ ဦးကိုရှုရွတ်တို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် (၁၇၇)ကိုက်ကွာဝေးသော ကျင်းအမှတ်(၈)သို့ Taylarmade Ball 3 အား Mizuno-5 ဂေါက်တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသဖြင့် ဦးမျိုးအောင်ဆန်း(ခ)ဦးဘဌေးအား ကောင်းမြတ်ကုမ္ပဏီ KM Golf Center မှ ကျပ်သုံးသိန်းတန် ဂေါက်ပစ္စည်းများကို ဆုချီးမြှင့်ပါသည်။

**ကောင်းမြတ်ကုမ္ပဏီ KM Golf Center**
**ဖုန်း ၀၉-၂၁၃၂၈၈၉**

## Hole in One (တစ်ချက်တည်း ကျင်းဝင်)

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံဂေါက်ကွင်းတွင်(၂၇-၃-၂၀၂၅)ရက်နေ့၌ ဦးမျိုးဟိန်းသည် အတူကစားဖော်များဖြစ်ကြသော ဦးဇော်ဝင်းထွန်း၊ ဦးအောင်သူ၊ ဦးဖြိုးအောင်ထွန်းတို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် (၁၆၇)ကိုက်ကွာဝေးသော ကျင်းအမှတ်(၁၁)သို့ Serixon Ball NO-3 အား XXIO-8 ဂေါက်တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသဖြင့် ဦးမျိုးဟိန်းအား ကောင်းမြတ်ကုမ္ပဏီ KM Golf Center မှ ကျပ်သုံးသိန်းတန် ဂေါက်ပစ္စည်းများကို ဆုချီးမြှင့်ပါသည်။

**ကောင်းမြတ်ကုမ္ပဏီ KM Golf Center**
**ဖုန်း ၀၉-၂၁၃၂၈၈၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်၊ အကွက်အမှတ်(၂၃၂)၊ ဦးပိုင်အမှတ်(၂၁-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၀၉)ဧက အကျယ်အဝန်းရှိ ဦးတင်ညွန့် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ၊ မီး အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးစိုးဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ဂရန်မြေကွက်၊ အဆောက်အအုံ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နွယ်နွယ်စန်း ဦးအောင်ဇော်မိုး ဒေါ်ကြည်ကြည်ဝင်း ဒေါ်နွယ်စာလှိုင်**
**(တရားလွှတ်တော်ရှေ့နေများ)**

**၈၉လမ်း၊ ၃၅လမ်းနှင့် ၃၆လမ်းကြား၊ အကွက်အမှတ်(၂၉၈)၊ ဒေးဝန်းအရှေ့ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၂၄၉၇၊ ၀၉-၄၀၂၅၇၆၃၁၇၊ ၀၉-၉၄၂၆၁၇၆၁၂၊ ၀၉-၇၉၆၄၈၀၄၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁၄)၊ ဦးပိုင်နံပါတ်(၇၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေအကျယ်အဝန်းရှိ ဗိုလ်မှူးသိန်းဆွေအမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း(၃၀×၄၀)ပေအကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းစိုးအောင်(ဘ)ဦးကျော်သိန်း(၅/တဆန(နိုင်)၀၇၅၆၉၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းကြေးငွေများ အပြေအကြေပေးချေကာ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း (LL.M,DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(B)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၅)၊ တိုက်(၂)၊ အခန်း(၂)၊ မြေညီထပ်တိုက်ခန်းမှာ ဦးမောင်ချစ်(ဘ)ဦးအောင်သင်း(၉/မရတ(နိုင်)၀၁၂၀၁၃)အမည်ဖြင့် ချထားပေးသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင်နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ရီရီစန်း(ဘ)ဦးလှမောင်(၉/အမရ(နိုင်)၀၀၁၂၇၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်ဖြိုးလှိုင်(၁၂/ဒဂမ(နိုင်)၀၂၃၃၀၀)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ဝေဝေအောင် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**

**၈၈-၃၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၄၅၁၀၁၁၊ ၀၉-၇၉၇၇၄၂၆၉၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၀၉)၊ ဦးပိုင်အမှတ်(၂၅+၂၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၅၅၃+၀ ဒသမ ၀၁၉၇)ဧက အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ဦးဝင်းမြင့်(ဘ)ဦးအောင်ကြည်(၉/မရမ(နိုင်)၀၈၁၁၆၈)နှင့် ဦးဝင်းထိန်(ဘ)ဦးအောင်ကြည်(၁၂/ပဘတ(နိုင်)၀၂၄၉၇၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

**ဦးရဲဝင်း (LL.B)** — **အထက်တန်းရှေ့နေ**
**ဦးပြည့်ကိုကို (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မြင့်မြင့်အေး (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ချောစု (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်မဥ္စူမြင့် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၅လမ်းနှင့် ၁၁၀လမ်းထောင့်၊ အိမ်အမှတ်(ဃ-၁/၁)တွင် နေထိုင်သူ ဒေါ်မိမျိုးမျိုးသန်း(ဘ)ဦးပန်းစိန်၊ မှတ်ပုံတင်အမှတ်(၃/ဘအန(နိုင်)၁၃၄၇၇၁)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်နှင့်အညီ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိမျိုးမျိုးသန်းသည် ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ယနေ့အချိန်အထိ စီးပွားရေးလောကတွင်လည်းကောင်း၊ လူမှုရေးလောကတွင်လည်းကောင်း ဂုဏ်သိက္ခာနှင့်အညီ လုပ်ကိုင်ရပ်တည်နေထိုင်သူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ၏ လူပုဂ္ဂိုလ်နှင့် ကိုယ်၊ စိတ်၊ ဂုဏ်သရေတို့ကို ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ စိတ်ငြိုငြင်စေရန် အကြံဖြင့် -

(က) Facebook, Telegram, Tik Tok, Viber အစရှိသည့် လူမှုကွန်ရက်များပေါ်၌ မဟုတ်မမှန် စွပ်စွဲရေးသားဖော်ပြခြင်းများကို ပြုလုပ်ခြင်း၊ ထိုသို့ပြုလုပ်ခြင်းများကို ဖြန့်ဝေခြင်း၊ မျှဝေခြင်း၊ အကြံတူဖြင့် ပူးပေါင်းကြံစည်လုပ်ကိုင်ခြင်း။

(ခ) ဆက်သွယ်ရေးကွန်ရက်တစ်စုံတစ်ရာကို အသုံးပြုပြီး မဟုတ်မမှန် စွပ်စွဲပြောဆိုရေးသားခြင်း၊ ထိုသို့ရေးသားပြောဆိုပြုလုပ်ခြင်းတို့ကို ဖြန့်ဝေခြင်း၊ မျှဝေခြင်း၊ အကြံတူဖြင့် ပူးပေါင်းကြံစည်လုပ်ကိုင်ခြင်း။

(ဂ) နှုတ်ဖြင့်ဖြစ်စေ၊ ဖတ်ရှုရန် ကြံရွယ်သည့်စကားဖြင့်ဖြစ်စေ မဟုတ်မမှန်စွပ်စွဲပြောဆိုခြင်း၊ ရေးသားခြင်း၊ ကြေညာခြင်းများပြုလုပ်ခြင်း၊ ထိုသို့စွပ်စွဲရေးသားကြေညာခြင်းတို့ကို အားပေးအားမြှောက်ပြုလုပ်၍ ဖြန့်ဝေခြင်း၊ မျှဝေခြင်း၊ အကြံတူဖြင့် ပူးပေါင်းကြံစည်လုပ်ကိုင်ခြင်း။

(ဃ) ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ၏ ကိုယ်၊ စိတ်၊ ဂုဏ်သရေနှင့် အကျိုးစီးပွားတို့ကို ထိခိုက်နစ်နာစေမည့် အခြားတစ်ပါးသောအကြောင်းများဖြင့် မဟုတ်မမှန် ပြုလုပ်ပြောဆိုရေးသားခြင်း၊ မဟုတ်မမှန် စွပ်စွဲရေးသားချက်များကို ဆက်သွယ်ရေးကွန်ရက် တစ်စုံတစ်ရာကို အသုံးပြု၍ ပေးပို့ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကြေညာခြင်း၊ ထိုသို့ ပြုလုပ်ခြင်းများကို ဖြန့်ဝေခြင်း၊ မျှဝေခြင်း၊ အကြံတူဖြင့် ပူးပေါင်းကြံစည်လုပ်ကိုင်ခြင်း စသည့်ပြုလုပ်ခြင်းများကို လုံးဝပြုလုပ်ခြင်း မပြုရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

၃။ အထက်ဖော်ပြပါအချက်များကို ချိုးဖောက်၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ၏ လူမှုရေး၊ အကျိုးစီးပွားနှင့် ကိုယ်၊ စိတ်၊ ဂုဏ်သရေတို့ကို ထိပါးနှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အသရေဖျက်စေခြင်း စသည်တို့ကို ပြုလုပ်ခဲ့ပါက ဆက်သွယ်ရေးဥပဒေဖြင့်လည်းကောင်း၊ အခြားသောတည်ဆဲဥပဒေများဖြင့်လည်းကောင်း တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဒေါ်မိမျိုးမျိုးသန်း၏ လွှဲအပ်ချက်နှင့်အညီ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဒေါ်မိမျိုးမျိုးသန်း**
**၃/ဘအန(နိုင်)၁၃၄၇၇၁**

**လွှဲအပ်ချက်နှင့်အညီ-**
**ဦးဌေးဦးလင်း**
**(တရားလွှတ်တော်ရှေ့နေ)**
**၁၁၀(E)၊ ၄၄လမ်းနှင့် ၄၅လမ်းကြား၊ အောင်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၆၈၁၈၉၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၄၉)၊ ဦးပိုင်အမှတ်(၆၀) အမည်တွင်သောမြေကွက်သည် ဦးမောင်မြင့်(ဘ)ဦးအုန်းငွေ(၉/မနတ(နိုင်)၀၄၄၄၉၄)ကိုင်ဆောင်သူအမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (တောင်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့အနောက်(၄၀)ပေ၊ တောင်မြောက်(၁၅)ပေအကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဝင်းရီ(ဘ)ဦးမြဒင်(၉/မနတ(နိုင်)၀၄၀၃၇၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နိုင်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ**

**ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B) ဒေါ်မှူးမှူးမြတ်သွယ် (LL.B) ဒေါ်ပွင့်ဖြူကျော် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(TNS Law Firm & Legal Services)**

**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁၊**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ(၀ ဒသမ ၀၃၆)ဧကအကျယ်အဝန်းရှိ မမှဲ့ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် အမွေဆိုင်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကြေညာသူ ဦးစံလင်း(ဘ)ဦးအေးမောင်(၉/မနမ(နိုင်)၀၅၅၀၁၀)မသိရှိဘဲ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ်-ချုပ်ဆိုခြင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်-ချုပ်ဆိုခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်းများနှင့် ဂရန်အမည်ပြောင်းလျှောက်ထားခြင်း၊ ကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းနှင့် အခြားနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်အတွက် အများသိစေရန်ကြေညာအပ်ပါသည်။

**ကြေညာသူ**
**ဦးစံလင်း(ဘ)ဦးအေးမောင်**
**၉/မနမ(နိုင်)၀၅၅၀၁၀**
**ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

❖ အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့်နည်းစနစ်များ လိုအပ် ...

❖ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာ ထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## လျှော့ဒဏ်သင့်ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အောင်တော်မူရပ်ကွက်၊ ၆၃လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ ညရပ်ကွက်၊ ၄၉လမ်း၊ ၁၃၉လမ်းနှင့် ၁၄၀လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဧပြီ ၃၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်၊ အကွက် (၂၃၅)၊ လမ်း ၉၀နှင့် လမ်း ၃၀ ထောင့်၊ ကျောက်ဆစ်မီးသတ်အနီး၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်ဓမ္မာရုံတို့တွင်လည်းကောင်း၊ မေ ၁ ရက်နေ့တွင် ကမ္ဘာ့အလုပ်သမားနေ့ရုံးပိတ်ရက်အဖြစ် သက်သာဈေးရောင်းချမှု ရပ်နားထားပြီး မေ ၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီးအတွင်း၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ ၅၄လမ်း၊ လမ်း၁၁၀နှင့် ၁၁၁လမ်းကြားတို့တွင်လည်းကောင်း၊ မေ ၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်(၄၁)၊ ၂လမ်း၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ ပြည်သူ့ဆေးရုံမြောက်ဘက်တွင်လည်းကောင်း၊ မေ ၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ အကွက်(၅၄၉)၊ ၃၄လမ်း၊ ၈၅ လမ်းနှင့် ၈၆လမ်းကြား၊ မလွန်ရေတွန်းစက်ရုံဘေး၊ ချမ်းမြသာစည်မြို့နယ်၊ ဘဘ(၁၁)၊ မြရည်နန္ဒာရပ်ကွက်၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ၁၁၄လမ်းတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## ရန်ကုန်ယူနိုက်တက်အသင်းနှင့် Yangon Royals အသင်းတို့ သရေ ရလဒ်ထွက်ပေါ်




**ရန်ကုန် ဧပြီ ၂၉**

ယနေ့ မြန်မာနေရှင်နယ်လိဂ်ဖလားအုပ်စု(ခ)ပွဲစဉ်တစ်ပွဲအဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် Yangon Royals အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ရန်ကုန်ယူနိုက်အသင်းအနေဖြင့် ပထမပိုင်းပွဲကစားချိန်များတွင် ဦးဆောင်ဂိုးရရှိရေးကြိုးစားခဲ့ပေမယ့် တစ်ဖက် Yangon Royals အသင်း၏ ခုခံကစားပုံကြောင့် ဂိုးရရှိရန်ခက်ခဲနေခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်ဖက်စလုံး လူစားအပြောင်းအလဲအချို့ပြုလုပ်ကာ ဆက်လက်ယှဉ်ပြိုင်ခဲ့ပြီး ပွဲသည်ပထမပိုင်းထက်ပို၍ ကြည့်ကောင်းခဲ့သည်။ Yangon Royals အသင်း၏ ခံစစ်ကစားပုံနဲ့ ပြင်းပြင်းထန်ထန်တုံ့ပြန်မှုများကြောင့် ရန်ကုန်ယူနိုက်တက်အသင်းဘက်မှ ဂိုးရရှိရေး ခက်ခဲခဲ့သည်။ ပွဲပြီးကာနီး နာကျင်အချိန်ပိုတွင် ရန်ကုန်ယူနိုက်တက်အသင်းမှ သာယာဝင်းထက်၏ ကန်ချက် ကောင်းမွန်ခဲ့ပေမယ့် Yangon Royals အသင်း၏ ဂိုးသမားပုတ်ထုတ် ကာကွယ်နိုင်ခဲ့ခြင်းကြောင့် ပွဲပြီးဆုံးချိန်တွင် ဂိုးမရှိသရေသာ ထွက်ပေါ်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်း၏ မြန်မာနေရှင်နယ်လိဂ်ဖလား အုပ်စု(ခ)တွင် ၁ပွဲကစား၊ ၁ပွဲသရေဖြင့် ရမှတ်(၁)မှတ်ရရှိထားပြီး လာမည့် မေ ၄ ရက်တွင် ကချင်ယူနိုက်တက်အသင်းနှင့် သုဝဏ္ဏကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **(NGB)**